မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၂၅ ရက်၊ စနေနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၇၆)

ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ပြဋ္ဌာန်း

ရန်ကုန် မတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဥပဒေအမှတ် (၂/၂၀၀၆)ဖြင့် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၁၃၆၇ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁)ရက်၊ ၂၀၀၆ခုနှစ် မတ်(၂၄)ရက် ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ပြဋ္ဌာန်းလိုက်သည်။

အဆိုပါဥပဒေအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၀၆)

၁၃၆၇ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁)ရက်
(၂၀၀၆ ခုနှစ်၊ မတ်လ ၂၄ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ■

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ပြဋ္ဌာန်း

ရန်ကုန် မတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဥပဒေအမှတ် (၃/၂၀၀၆)ဖြင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၁၃၆၇ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၁)ရက်၊ ၂၀၀၆ခုနှစ် မတ်(၂၄)ရက် ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ပြဋ္ဌာန်းလိုက်သည်။

အဆိုပါဥပဒေအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၃/၂၀၀၆)

၁၃၆၇ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁)ရက်
(၂၀၀၆ ခုနှစ်၊ မတ်လ ၂၄ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

စာမျက်နှာ ၈ ကော်လံ ၅ ✻

အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်

သမိုင်းဦးကာလက စပြီး လွတ်လပ်တဲ့လူမျိုးတိုင်း၊ နိုင်ငံတိုင်းဟာ တပ်မတော်တစ်ရပ်ကို မရှိမဖြစ် ထူထောင်ကြရတယ်။ ဒါ့ပြင် တပ်မတော်ကို အင်အားတောင့်တင်းဖို့ စွမ်းရည်ထက်မြက်ဖို့နဲ့ ခေတ်မီဖို့အတွက် အချိန်နဲ့အမျှ ဆောင်ရွက်ကြရတယ်။ ဒါ့ကြောင့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ရေးဟာ ဒို့ရဲ့ ရည်မှန်းချက်ဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း
အမှတ်စဉ် (၄၈)သင်တန်းဆင်းပွဲမိန့်ခွန်းမှ–

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် မလေးရှားကိုယ်စားလှယ်အဖွဲ့ဝင်များအားလက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Dato' Seri Syed Hamid Albar ဦးဆောင်သည့် မလေးရှားကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဆောင်သည့် မလေးရှားကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး မစ္စတာမိုဟာမက်ဆွမ်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Dato' Seri Syed Hamid Albar အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မတ်လ ၂၅ ရက်)

တည်ဆောက်ပေးထားသည့် အခြေခံကောင်းများအသုံးချ စီးပွားရေး၊ လူမှုရေးဘဝ ပိုမိုတိုးတက်စေရန် ဆောင်ရွက်

နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးရှိ ပြည်နယ်နှင့်တိုင်း နယ်မြေဒေသအားလုံးမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ အခြေအနေများ ဟန်ချက်ညီညီ တိုးတက်မြင့်မားရေးအတွက် လိုအပ်သည့်အခြေခံ အဆောက်အအုံများစွာကို စီမံကိန်းများ ချမှတ်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"နိုင်ငံတော်တစ်ဝန်းလုံး ဒေသတစ်ခုနှင့်တစ်ခု အလွယ်တကူ ဆက်သွယ်သွားလာနိုင်မှသာ တိုင်းပြည်၏ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်၍ ခေတ်မီနိုင်ငံတော်သစ်ဆီ အမြန်ရောက်မှာဖြစ်သည်"

ဟု လမ်းညွှန်မိန့်ကြားခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတစ်ဝန်းလုံးတွင် လမ်းတံတားများ တည်ဆောက်ဖောက်လုပ်ပေးနေသည့်အတွက် ဒေသအသီးသီး၏ လူမှုရေး၊ စီးပွားရေးဘဝ တိုးတက်မှုများ ရရှိနေပြီဖြစ်သည်။

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး အထူးအဖွဲ့(၅)က ပမ္မဝတီမြစ်အား ဖြတ်ကျော်တည်ဆောက်သည့် ပမ္မဝတီတံတား(မြင်းကဆိပ်) ဖွင့်ပွဲအခမ်းအနားကို မတ်လ၂၃ရက်နေ့ နံနက်ပိုင်းက အဆိုပါတံတားအနီးရှိ မဏ်လာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက် အမှာစကား ပြောကြားပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယခင်က ရေလမ်းကိုသာအားထားခဲ့ရသည့် ဧရာဝတီတိုင်းသည် ယခုဆိုလျှင် မော်တော်ကားလမ်းများနှင့် မြစ်ကူးချောင်းကူးတံတားများ ကွန်ရက်သဖွယ် ပေါ်ပေါက်နေပြီဖြစ်သည်။ ၁၉၈၈ခုနှစ်က ဧရာဝတီတိုင်း၏ မော်တော်ကားလမ်းအရှည်သည် မိုင်၄၀၀ကျော်သာရှိခဲ့ပြီး ယခုအခါ မိုင်၁၃၀၀ ကျော်အထိ ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်သည်။ တံတားအနေဖြင့်ကြည့်မည်ဆိုလျှင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ပေ၁၈၀အထက် တံတားကြီးပေါင်းမှာ ပမ္မဝတီတံတား(မြင်းကဆိပ်) အပါအဝင် ၂၁၃စင်းအထိ ရှိနေပြီဖြစ်သည်။ ယခု ဖွင့်လှစ်လိုက်သော ပမ္မဝတီတံတားသည် ဧရာဝတီတိုင်း၌ ၄၂စင်းမြောက် တည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

ပမ္မဝတီတံတား(မြင်းကဆိပ်)သည်နိုင်ငံတော်၏ စေတနာကို ထင်ဟပ်ပေါ်လွင်စေသည့် ပြယုဂ်တစ်ခု၊ ဧရာဝတီတိုင်း၏ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု၏ မှတ်တမ်းမော်ကွန်းတစ်ခုလည်းဖြစ်သည်။ အဆိုပါတံတားမှာ အရှည်စုစုပေါင်း ပေ၁၂၆၀ ရှည်သည့် ကြိုးတံတား အမျိုးအစား တံတားတစ်စင်းဖြစ်သည်။

ယခင်က ပုသိမ်မြို့မှ မြောင်းမြမြို့သို့ ၆၅မိုင်ရှည်သည့် ပုသိမ်–ဒါးက–အိမ်မဲ–မြောင်းမြ ကားလမ်းဖြင့် ခရီးသွားလျက်ရှိရာမှ ဤတံတားကြီးဖွင့်လှစ်နိုင်ပြီဖြစ်၍ ၃၂မိုင်သာရှည်သည့် ပုသိမ်–ကံကုန်း–မြင်းကဆိပ်–မြောင်းမြ ကားလမ်းဖြင့် ဆက်သွယ်သွားလာနိုင်ခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် ယခင်ကားလမ်းထက် ၃၃မိုင်လျော့နည်းပြီး အချိန်တိုအတွင်း သွားလာနိုင်တော့မည် ဖြစ်သည်။ ဤလမ်းကြောင်းပေါ်မှာရှိသည့် ပုသိမ်မြို့နယ်နှင့် မြောင်းမြမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၈၀၀ ကျော်မှ ကျေးလက်နေပြည်သူပေါင်း ခုနစ်သိန်းကျော်တို့၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများကိုလည်း ပိုမိုအကျိုးပြုနိုင်တော့မည် ဖြစ်သည်။

ထို့အပြင် ရန်ကုန်–ဒေးဒရဲ–ဖျာပုံ လမ်း၌ ဖျာပုံတံတား၊ ဟင်္သာတ–မြို့ကွင်း–ကွင်းကောက်လမ်း၌ ငဝန်တံတား(မြို့ကွင်း)တို့ကို တည်ဆောက်လျက်ရှိသည်။ တည်ဆောက်ပြီးတံတားများ၊ တည်ဆောက်ဆဲ တံတားများနှင့် ကားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်မှုအခြေအနေများကို ကြည့်မည်ဆိုပါက ဧရာဝတီတိုင်း၏ လမ်းပန်းဆက်သွယ်မှု တိုးတက်ရေးအတွက် ဆောင်ရွက်ချက်များသည် အံ့မခန်းဆောင်ရွက်ချက်များဟု ဆိုရမည်ဖြစ်သည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်တိုးတက်ရေးသည် မရှိမဖြစ်သည့် လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်သွယ်စီးပွားရေးလုပ်ငန်းများသည်လည်း တိုးတက်လာပြီး စီးပွားရေးအခြေအနေများ ကောင်းမွန်တိုးတက်လာမည်ဖြစ်သည်။ ထို့အတူ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများသည်လည်း တိုးတက်မြင့်မားလာမည်ဖြစ်၍ နိုင်ငံတော်က ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံပြီး လမ်းသစ်များ၊ တံတားသစ်များ၊ လေယာဉ်ကွင်းသစ်များကို တည်ဆောက်ဖောက်လုပ်ပေးနေခြင်းဖြစ်သည်။

သို့ဖြစ်ရာ ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတော်၏ စေတနာနှင့် တည်ဆောက်ပေးထားသည့် အခြေခံကောင်းများကို ထိထိမိမိအသုံးချပြီး မိမိတို့၏စီးပွားရေးဘဝ၊ လူမှုရေးဘဝအခြေအနေများ တိုးတက်သည်ထက်တိုးတက်စေရန် အစဉ်တစိုက် ကြိုးစားဆောင်ရွက်ရင်း မိမိအကျိုးအတွက်သာမက နိုင်ငံတော်အကျိုးအတွက်ပါ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၅–၃–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော်ဦးဃောသိတ တရားတော် **"သောတ္တာနဂ္ဂတ္တသုတ်"**

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၁၅ ၄။ ကျန်းမာသုတ
၁၂း၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၅၀ ၆။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **"ချစ်သူတစ်ယောက်နှင့် လိမ္မော်ရည်တစ်ခွက်"** (အပိုင်း–၁)
၀၁း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄း၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၅။ မျိုးချစ်တပ်မတော်
၅း၁၅ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၃၀ ၇။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း–၂၄)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၈။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် **"သားကောင်းမိခင်"** (အပိုင်း–၃)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကန်တော်ကြီးသဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၂၄

ရန်ကုန်မြို့တော် ကန်တော်ကြီးသဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဘက်စုံ အဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁၂ နာရီခွဲက ရန်ကုန်မြို့ရှိ ကန်တော်ကြီး သဘာဝဥယျာဉ် ပညာပေးဇုန်ရှိ စိုက်ပျိုးရေးပြတိုက်၌ကျင်းပရာ ရန်ကုန်မြို့တော်ကန်တော်ကြီးသဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ စစ်ဒေသမှူးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်းရှိ ရွှေတံတားပန်းဥယျာဉ် (Relaxation Zone)၊ စိုက်ပျိုးရေးနှင့်ငါးပြတိုက် (Education Zone)၊ သစ်တောဥယျာဉ်(Central Forest Zone)နှင့် ကရဝိက်ဥယျာဉ်ကမ္ဘာ(Recreation Zone)တို့မှ တာဝန်ခံများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဇုန်များအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဇုန်များအတွင်း ပြည်သူများ စိတ်ချမ်းမြေ့စွာ လာရောက်အနားယူ အပန်းဖြေလေ့လာနိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက တင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကန်တော်ကြီး သဘာဝဥယျာဉ် အတွင်းရှိ ရွှေတံတား ပန်းဥယျာဉ်၊ ရေချိုငါးဥယျာဉ်၊ သစ်တောဥယျာဉ်နှင့် ကရဝိက်ဥယျာဉ်ကမ္ဘာတို့အတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

တန့်ဆည်မြို့နယ် အသင်း (ရန်ကုန်)၏ (၄၄)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ နယ်မှဘွဲ့တံဆိပ်တော်ရ ဆရာကြီးများ ပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို မတ် ၁၉ ရက်က ဗဟန်းမြို့နယ်၊ ဗဟန်း(၃) လမ်းရှိ အသင်းတိုက်ဓမ္မာရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က အသက်ကြီး အဘိုး၊ အဘွားများအား ကန်တော့ပစ္စည်း ပေးအပ်စဉ်။ (က–ပ)

မင်းလှဓမ္မရိပ်သာကျောင်း သင်္ကြန်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း မင်းလှဓမ္မရိပ်သာကျောင်း၌ ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန် ဝိပဿနာ တရားများကို အခြေခံမှစ၍ ဟောပြောပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများနှင့် ဒုလ္လဘရဟန်းဝတ်လိုသူများ မတ် ၃၁ရက်နောက်ဆုံးထား၍ ရိပ်သာ ဖုန်း–၅၄၀၂၈၉သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

'လူ့အခွင့်အရေး' သကြားအုပ်ထားသော အမေရိကန်အဆိပ်ဆေး (၆)

တက္ကသိုလ်မြတ်သူ

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ နှစ်ပတ်လည် လူ့အခွင့်အရေးမှတ်တမ်းခေါ် နိုင်ငံ ၁၉၀ ကျော် ၂၀၀ နီးပါးအပေါ် နှစ်စဉ်စွပ်စွဲထိုးနှက်နေသော စာတမ်းကို အစွပ်စွဲခံ နိုင်ငံများကသာ တုံ့ပြန်ဝေဖန်ပယ်ချနေကြသည်မဟုတ်ပေ။ အမေရိကန်လူမျိုးများ၊ အဖွဲ့အစည်းများနှင့် ကမ္ဘာ့နိုင်ငံစုံမှ ပုဂ္ဂိုလ်တစ်ဦးချင်းကလည်း ဝေဖန်ကြသည်။ အမေရိကန်အစိုးရ၏ ထိုမမှန်မကန် စွပ်စွဲချက်များကို နားကလောလာ ကြပုံရသည်။ ထို့ကြောင့် ထိုအစီရင်ခံစာသည် နိုင်ငံတကာမျက်နှာစာ၌ အမေရိကန်၏ စည်းရုံးရေးနှင့် နိုင်ငံရေးသိက္ခာကို ဖောက်ထိုးကျဆင်း စေလျက်ရှိသည်။ အမေရိကန်သည် ၎င်းတို့မလိုလားသော နိုင်ငံများကို ထိုလူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်များဖြင့် နိုင်ငံအများက ဝိုင်းပယ်စေရန်၊ အထီးကျန်ဖြစ်စေရန်အတွက် မလုပ်သင့် မလုပ်ထိုက်သော လုပ်ရပ်အမှားကို လုပ်နေခြင်းဖြစ်သော်လည်း လက်တွေ့တွင်မူ အများနှင့်တစ်ယောက်ဆိုသကဲ့သို့ အမေရိကန်တစ်နိုင်ငံတည်းနှင့် ကမ္ဘာ့နိုင်ငံများ ထိပ်တိုက်ရင်ဆိုင်ဖြစ်နေရပေသည်။ အမေရိကန်နိုင်ငံကိုယ်တိုင် အထီးကျန်ဖြစ်နေရပေသည်။

၁၅-၃-၂၀၀၆ ရက် နေ့စွဲဖြင့် အင်တာနက်သတင်း (Middle East FOREX. Com)မှ ဖြန့်ချိသော အမေရိကန်လူ့အခွင့်အရေးအစီရင်ခံစာအပေါ် ဝေဖန်ချက်များကို ဤသို့တွေ့ရသည်–

"တစ်ချိန်ကတော့ အမေရိကန်လူ့အခွင့်အရေးအစီရင်ခံစာဆိုတာကို အမေရိကန်မူဝါဒချမှတ်သူတွေကိုယ်တိုင်နဲ့ ကမ္ဘာက အမှန်အကန်လို့ထင်ခဲ့ ကြပါသေးတယ်။ အခုတော့ အစီရင်ခံစာတစ်ခုလုံးဟာ လိမ်ဆင်၊ အယောင်ဆောင် အစီရင်ခံချက်တွေချည်းဖြစ်တာ တွေ့နေရပါပြီ။ သမ္မတ ဘုရှ်ကိုယ်တိုင်က ကျွန်ုပ်တို့ (အမေရိကန်ပြည်ထောင်စု)ရဲ့ ဥပဒေကို ချိုးဖောက်ပြီး အမေရိကန်ပြည်သူတွေရဲ့ ဆက်သွယ်ရေးတယ်လီဖုန်းတွေ ကြားဖြတ်နားထောင် ထောက်လှမ်းလာတယ်။ ဒါတောင် အမေရိကန်ဟာ ဒီမိုကရေစီနဲ့ လွတ်လပ်ရေးကို ကာကွယ်ပေးနေလေဟန် ကြွေးကြော်နေကြသေးတယ်"

(အမေရိကန်ပြန်ကြားရေးအေဂျင်စီ USIA အငြိမ်းစား အရာရှိ ပက်ထရီရှာကူရှ်လစ်)

"အမေရိကန် လူ့အခွင့်အရေး အစီရင်ခံစာရဲ့ အကျိုးသက်ရောက်မှုကတော့ အမေရိကန်သမ္မတဘုရှ်အစိုးရရဲ့ မောက်မာလွန်းတဲ့ တစ်ကိုယ်တော်ထင်ရာစိုင်းလုပ်ရပ်ရယ်၊ နိုင်ငံတကာက ဆုံးဖြတ်တားမြစ်ထားတဲ့ အကျဉ်းသားများအပေါ် လူမဆန်တဲ့ ညှဉ်းပန်းမှုမပြုလုပ်ရေးကျင့်စဉ်ကို မထီမဲ့မြင်ပြုလုပ်နေပုံရယ်တို့ကို ပေါ်လွင်စေတာပါပဲ။ ဒါကြောင့် ကမ္ဘာ့ နိုင်ငံများက အမေရိကန်ရဲ့ လူ့အခွင့်အရေးအစီရင်ခံစာအပေါ် အလေးမထားကြတော့တာ ဖြစ်တယ်"

(ဂျီနီဗာ အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင်နှင့် သည်ဟိဂ်မြို့ရှိ နိုင်ငံတကာတရားရုံးတွင် ရှေ့နေတာဝန်ထမ်းဆောင်နေသူ နိုအာအက်စ်လီဗစ်)

ဝါရှင်တန်မြို့တော်ရှိ ဂျော့ချ်တောင်းတက္ကသိုလ်မှ အာရပ်နိုင်ငံရေးနှင့် အာရပ်ရေးရာလေ့လာရေး တွဲဖက်ပါမောက္ခ ဆာမာရှီဟာတာကလည်း လူ့အခွင့်အရေးနှင့် ဥပဒေစိုးမိုးရေးအကြောင်းနှင့်ပတ်သက်၍ အမေရိကန်နှင့်ဆွေးနွေးရန် ယုံကြည်မှုမရှိကြတော့သည်ကို တုန်လှုပ်ချောက်ချားဖွယ်သတိပြုမိကြောင်း၊ အထူးသဖြင့်အာရပ်နိုင်ငံများတွင် အမေရိကန်၏ လူ့အခွင့်အရေးစကားလုံး၊ ဥပဒေစိုးမိုးရေးစကားလုံးများကို အလေးထားယုံကြည်မှုမရှိတော့ကြောင်း၊ ဤသည်မှာကမ္ဘာပေါ်တွင် လူ့အခွင့်အရေးနှင့်ဥပဒေစိုးမိုးမှုကို အချိုးဖောက်ဆုံးနိုင်ငံ၏ လူ့အခွင့်အရေးအစီရင်ခံစာကို မည်သူမျှ လက်မခံနိုင်သည်ကိုဖော်ပြနေကြောင်း၊ လူတိုင်းလိုလိုပင် အဘူဂါရိတ် အကျဉ်းထောင်တွင်း၌ အီရတ်များကို အမေရိကန်စစ်သားများက ရက်စက်စွာညှဉ်းပန်းခဲ့သည်ကို သိနေကြသလို ဂွမ်တာနာမိုနှင့် အရှေ့အလယ်ပိုင်းမှ ရက်စက်ကြမ်းကြုတ်မှုများကို မမေ့ကြကြောင်းဖြင့် ဝေဖန်ထားသည်။

အမေရိကန်သမ္မတ ကနေဒီလက်ထက်(၁၉၆၁–၁၉၆၃)တွင် အကြီးတန်းအရာရှိဖြစ်ခဲ့ပြီး ယခုမြောက်ကာရိုလိုင်းနားတက္ကသိုလ်တွင် ပါမောက္ခအဖြစ်အမှုထမ်းနေသော ဒေါက်တာဂျက်လ်အင်န်ဘားမန်းက ဝါရှင်တန်အစိုးရသည် ရေးကမကောင်းဆိုးရွားအင်ပါယာကြီးမှ သက်ဦးဆံပိုင်များကိုပုံတူကူးချကာ ညှဉ်းပန်းသတ်ဖြတ်မှုများ လုပ်လာနေကြောင်းဖြင့် ဝေဖန်ခဲ့သည်။

လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့တစ်ခုကမူ ဘုရှ်သည် ရက်စက်ယုတ်မာစွာညှဉ်းပန်းနှိပ်စက်မှုမျိုးမလုပ်ပါဟု ဆိုနေကြောင်း၊ ဘုရှ်ကမည်သည့်လုပ်ရပ်ကို ညှဉ်းပန်းမှုဟု ဆိုလိုသည်မှာ မရှင်းလှကြောင်း၊အဘယ့်ကြောင့်ဆိုသော် အကျဉ်းသားများကို ညှဉ်းပန်းမှုများ ဘူးပေါ်သလိုပေါ်လာ၍ဖြစ်ကြောင်း၊ အာဖဂန်နစ္စတန်ရှိ အမေရိကန်အကျဉ်းစခန်း ဂွမ်တာနာမိုပင်လယ်အော်နှင့် အီရတ်ရှိ အမေရိကန်အကျဉ်းစခန်းများတွင် အမေရိကန်တို့၏ ညှဉ်းပန်းမှုအစီရင်ခံစာများ မိမိတို့ အမြောက်အမြားရရှိထားကြောင်း၊ ထိုအကျဉ်းစခန်းမျိုးများမှာ တိုးပွားလာနေကြောင်း၊ ၂၀၀၂ ခုနှစ်အတွင်း အမေရိကန်တို့၏ အကျဉ်းသားနှိပ်စက်ညှဉ်းပန်းမှု သုံးရာကျော်ရှိခဲ့ကြောင်း၊ အနည်းဆုံးအကျဉ်းသား ၈၆ ဦးသေဆုံးခဲ့ကြောင်း၊ အမေရိကန်အစိုးရက ထိုသေဆုံးရမှုများအနက် ၂၇ မှ ခန့်မှာ ရာဇဝတ်မှုမကင်းသောသတ်ဖြတ်မှုအဖြစ် ဝန်ခံကြောင်း၊ မသင်္ကာဖွယ် အကြမ်းဖက်သမားဆိုသူများကို အမေရိကန်က အကျဉ်းသားနှိပ်စက်မှုတွင် နာမည်ဆိုးဖြင့် ကျော်ကြားနေသော အီဂျစ်နှင့် ဂျော်ဒန်အကျဉ်းထောင်များသို့ ပေးပို့နှိပ်စက်စေသည့် ကိစ္စကြောင့် အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဘာရီလိုဝင်တရွန်မှာ ဝေဖန်ပြစ်တင်ခံနေရကြောင်းဖြင့် အဆိုပါလူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာ၌ ဖော်ပြထားသည်။

မလေးရှားနိုင်ငံမှ အဘာရာဟမ်ကလည်း အမေရိကန်၏ လူ့အခွင့်အရေးချိုးဖောက်မှုအကြောင်းမှာ မဆန်းတော့ကြောင်း၊ အမေရိကန်နှင့် ဥရောပသည် အခြားနိုင်ငံများကို လူ့အခွင့်အရေးအကြောင်း ဆရာလုပ်နေပြီး သူတို့ကိုယ်တိုင် အီရတ်၊ အာဖဂန်နစ္စတန်၊ ဂွမ်တာနာမိုနှင့် ဥရောပ (စီအိုင်အေ) လျှို့ဝှက်အကျဉ်းစခန်းများ၌ အကျဉ်းသားများကို ရက်စက်စွာ ညှဉ်းပန်းနေကြောင်း၊ ထို့ကြောင့် အမေရိကန်တို့အနေဖြင့် လူ့အခွင့်အရေးအကြောင်း ပြောနေသည့်ပါးစပ်များကို ပိတ်ထားသင့်ပြီဖြစ်ကြောင်း၊ လူ့အခွင့်အရေး အစစ်အမှန်ကို သိနားလည်နိုင်ရန် အမေရိကန်တို့သည် တရုတ်တို့ထံမှ ဆည်းပူးသင့်ကြောင်း ဖော်ပြထားသည်။

ထိုင်းနိုင်ငံမှ ခရစ်(စ်)ကလည်း အမေရိကန်လူ့အခွင့်အရေးအစီရင်ခံစာဘက်မှ ရှေ့နေလိုက်နေသူများသည် ရာနှုန်းပြည့်မှားယွင်းနေကြောင်း၊ အမေရိကန်စီအိုင်အေနှင့် ဗြိတိသျှအမ်အိုင်–၆ ထောက်လှမ်းရေးတို့က အီရန်မှ ဒီမိုကရေစီအစိုးရဝန်ကြီးချုပ် မိုဆာဒက်ကို ၁၉၅၃ ခုနှစ်အတွင်း ဖြုတ်ချခဲ့ကြောင်း၊ မိုဆာဒက်က အီရန်ရေနံကို အီရန်တို့သာ ပိုင်ရမည်ဟူသော အမျိုးသားရေးခံယူချက်ဖြင့် ဗြိတိသျှရေနံကုမ္ပဏီလက်မှ အီရန်ရေနံလုပ်ငန်းကို နိုင်ငံပိုင်သိမ်းခဲ့၍ ဖြစ်ကြောင်း၊ မိုဆာဒက်ကို ဖြုတ်ချပြီး အာဏာရှင် ရှားဘုရင်ကို နန်းတင်ခဲ့ကြောင်း၊ ဒီမိုကရေစီပါလီမန်ကို ဖျက်သိမ်းခဲ့ကြောင်းဖြင့် ဝေဖန်ခဲ့သည်။

ဘာရိန်းနိုင်ငံမှ မွတ်စတာဖာက အမေရိကန်သည် ကြောင်သူတော်အကြီးစားဖြစ်၍ ကမ္ဘာပေါ်တွင်မရိုးသားဆုံးနိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတိုင်းပင် အမေရိကန်နောက်သို့ သံယောင်မလိုက်မိကြဖို့ လိုကြောင်းဖြင့် ပြောကြားသွားသည်။ လူ့အခွင့်အရေးဟူသော စကားလုံးကို အမေရိကန်တို့ အလွဲသုံးစားမလုပ်သင့်ဟု ယူဆသူက ဤကမ္ဘာတွင် လူများစု ဖြစ်လာနေပေသည်။

လူ့အခွင့်အရေးစကားလုံးကို ရေလဲနှင့်သုံးနေသော အမေရိကန်အစိုးရ၏ မူမမှန်သရုပ်ပျက်ပုံများကို ယခုနှစ် အစွပ်စွဲခံနိုင်ငံများ၏ တုံ့ပြန်ချေပမှုများက အခိုင်အမာပြုထားပေသည်။ အလားတူ ဒီမိုကရေစီစကား တွင်တွင်ပြောပြီး တစ်ကမ္ဘာလုံးအေးချမ်းစွာ မနေရအောင် ဒီမိုကရေစီညှော်တိုက်နေပုံကိုလည်း နိုင်ငံအများစုက နှာခေါင်းရှုံ့နေကြပြီဖြစ်သည်။ အမေရိကန်တွင် စတိဆန္ဒပြမှုမျိုးသာ လက်ခံပြီး လူအင်အားများများ သဲသဲမဲမဲဆန္ဒပြလာလျှင် နှိပ်ကွပ်သောဖြစ်ရပ်များကို နေရာငဲ့ပြီး မတင်ပြတော့ပါ။ ကုလသမဂ္ဂကဲ့သို့ ကမ္ဘာ့နိုင်ငံအားလုံးနီးပါး ကိုယ်စားပြုသော အဖွဲ့ကြီးမှာပင် အမေရိကန်က ကုလသမဂ္ဂ တံဆိပ်တုံးကို ရသမျှသုံးကာ ၎င်းတို့မလိုလားသော နိုင်ငံများကို ဒုက္ခပေးခဲ့သည်။ အမေရိကန်ကိုယ်တိုင်ကား ကုလသမဂ္ဂ၏ ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်များကို ဆန့်ကျင်ခဲ့သည်မှာလည်း များလှပေပြီ။

၁၉၈၄ ခုနှစ်မှ ၁၉၈၇ ခုနှစ်အတွင်း အမေရိကန်က ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်များကို ကန့်ကွက်သည့်အကြိမ်ပေါင်း ၁၅၀ ခန့် ရှိသည်။

ကုလသမဂ္ဂ၏ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို အမေရိကန်က တစ်လျှောက်လုံး ဆန့်ကျင်ချိုးဖောက်ခဲ့သည်။ ယင်းလူ့အခွင့်အရေးကြေညာစာတမ်းကို ကဏ္ဍအလိုက် အကောင်အထည်ဖော်ရန် ECOSOC, UNESCO စသည့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့များက ရေးဆွဲသော သဘောတူစာချုပ်များ၊ ဥပမာ–စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှင့်ပတ်သက်သော နိုင်ငံတကာသဘောတူညီချက်၊ အသားအရောင်ခွဲခြားသော ရာဇဝတ်မှုကို နှိမ်နင်းဟန့်တားခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်၊ အမျိုးသမီးများအပေါ် ဖိနှိပ်မှု၊ ခွဲခြားဆက်ဆံမှု ပုံစံအားလုံးကို ချုပ်ငြိမ်းအောင် ဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်၊ ကလေးသူငယ်များရပိုင်ခွင့်ဆိုင်ရာ သဘောတူညီချက်တို့ကို အမေရိကန်ပြည်ထောင်စုက လက်ခံရန် ငြင်းဆန်နေခဲ့သည်။ ပြည်သူလူထု၏ လူမှုအခွင့်အရေးနှင့် နိုင်ငံရေးဆိုင်ရာ အပြည်ပြည်သဘောတူညီချက် (International Convenant on Civil and Political Rights)ကို ကုလသမဂ္ဂက အတည်ပြု ပြဋ္ဌာန်းပေးပြီးနောက် ၂၆နှစ်အကြာ (၁၉၉၂ ခုနှစ်)တွင်မှ အမေရိကန်က လက်ခံခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ကုလသမဂ္ဂသို့ ထည့်ဝင်ရမည့် အချိုးကျထည့်ဝင်ကြေးများကို ဆယ်စုနှစ်နှင့်ချီပြီး မပေးသွင်းဘဲနေခဲ့သည်။ ထို့ကြောင့် ၂၀၀၁ ခုနှစ် မေလတွင် ကုလသမဂ္ဂ စီးပွားရေးနှင့်လူမှုရေးကောင်စီ (ECOSOC)က အဖွဲ့ဝင် ၅၃ နိုင်ငံ ပါဝင်သော ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင် (HRC) အဖွဲ့ဝင်အဖြစ်မှ အမေရိကန်နိုင်ငံအား ထုတ်ပယ်လိုက်သည်။ အမေရိကန်၏ မဟာမိတ်နိုင်ငံများက ဦးဆောင်ပြီး မဲခွဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်သည် ၁၉၉၈ ခုနှစ်တွင် ကုလသမဂ္ဂစီမံခန့်ခွဲရေးနှင့် ဘတ်ဂျက်လုပ်ငန်းများဆိုင်ရာ အကြံပေးကော်မတီမှ ထုတ်ပယ်ခံရပြီး နောက်ပိုင်းကျမှ အဖွဲ့ဝင် ပြန်ဖြစ်ခွင့်ရလာခဲ့သည်။

နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားရုံးတည်ထောင်သည့် စာချုပ်ကို အမေရိကန်က လက်မှတ်မရေးထိုးပေ။ အမေရိကန်ပြည်ထောင်စု၏ ပြင်ပတွင် တာဝန်ထမ်းဆောင်နေသော အမေရိကန်စစ်ဘက်မှလူများကို ထိုခုံရုံးတွင် စစ်ဆေးခြင်းမပြုဟု ကတိပေးမှ စာချုပ်လက်မှတ်ထိုးမည်ဟု သမ္မတဘုရှ်က ပြောကြားခဲ့သည်။

ယနေ့ကမ္ဘာတွင် ထိုသို့သော မမှန်မကန်စွပ်စွဲပုတ်ခတ်၊ ပိတ်ဆို့နှောင့်ယှက်၊ ဗိုလ်ကျစိုးမိုးခြေရှုပ်မှုမျိုးသာမရှိလျှင် ကမ္ဘာကြီးသည် ဧကန်မုချ ငြိမ်းချမ်းသာယာမည်။ လုံခြုံတည်ငြိမ်မည်။ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ ယခင်နှစ်များက အမေရိကန်နိုင်ငံခြားရေးဌာန၏ လူ့အခွင့်အရေး အစီရင်ခံစာကို နိုင်ငံအချို့ကသာ တုံ့ပြန်ချေပခဲ့သော်လည်း ယခုနှစ်တွင်ကား တစ်ကမ္ဘာလုံး သံပြိုင်ဟစ်ကြွေး ကန့်ကွက် ပယ်ချကြသည်။ တုံ့ပြန်ချေပကြသည်။ အမေရိကန်တို့ ရင်ဖို စိုးရွံ့လောက်ပေသည်။

အမေရိကန်၏ ပြည်တွင်းပြည်ပ လူ့အခွင့်အရေးစံနှစ်မျိုး၊ ပြည်တွင်းပြည်ပ ဒီမိုကရေစီ စံနှစ်မျိုးကိုလည်း ကမ္ဘာ့ပြည်သူများက ခွဲခြားနားလည်သွားကြပေပြီ။ နိုင်ငံအချို့၌ လူဦးရေ၏ သုံးပုံနှစ်ပုံ၊ သန်းပေါင်းနှစ်ဆယ်၊ သုံးဆယ်က မဲဆန္ဒပေး ရွေးကောက်လိုက်သော အစိုးရများစွာကို လူနှစ်ထောင်၊ နှစ်သောင်း လမ်းပေါ်ထွက် ဆန္ဒပြဆူပူရုံဖြင့် ပြုတ်ကျစေသော လုပ်ရပ်များကို အမေရိကန်အစိုးရနှင့် အမေရိကန်မီဒီယာများက လုပ်ဆောင်ခဲ့၊ လုပ်ဆောင်ဆဲဖြစ်သည်။

တင်ပြခဲ့သည့်အတိုင်း အမေရိကန်တွင် နာရီပိုင်းမျှသာ စတိဆန္ဒပြကြပြီးလျှင် အိမ်ပြန်ကြသည်ကိုသာ လက်ခံသည်။ နေ့စဉ်ရက်ဆက် မပြီးနိုင်မစီးနိုင် ဆန္ဒပြလာလျှင် စွပ်စွဲချက်တစ်ခုခုဖြင့် ဖြိုခွဲသည်။ အခြားနိုင်ငံများတွင် ဆူပူမှုဖန်တီးရာ၌မူ ၎င်းတို့ ကြိုးကိုင်ထားသော

စာမျက်နှာ ၇ ကော်လန် ၁

အမေရိကန်နှင့် အပေါင်းပါများ၊ ၎င်းတို့၏ဩဇာခံ တပည့်လက်သား ပြည်ပြေးများ၊ ပြည်တွင်းပုဆိန်ရိုးများက နိုင်ငံအေးချမ်းမှု၊ ဖွံ့ဖြိုးမှုအဝဝကို ဖျက်လိုဖျက်ဆီးလုပ်နေကြသည့်တိုင် မြန်မာနိုင်ငံသည် အေးချမ်းသာယာလျက်ရှိသည်။ မြန်မာတို့အတွက် လူ့အခွင့်အရေး ရပိုင်ခွင့်ဟူသည် မွေးရာပါ အပြီးအပိုင် အပ်နှင်းထားသော ရရှိပြီးအခွင့်အရေး Vested Right ဖြစ်ပေသည်။ ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းကားပြီး ချစ်ကြည်စည်းလုံးသော၊ ယဉ်ကျေးသိမ်မွေ့သော မြန်မာတို့၏ ပင်ကိုစိတ်ရင်းအရ မြန်မာနိုင်ငံတွင် တိုင်းဆူပြည်ဖျက် ခွင့်မှအပ ကျန်လူ့အခွင့်အရေးများ အပြည့်အဝရနေသည်ကို မှတ်ကျောက်တင်ထားပြီး ဖြစ်ပေသည်။ တိုင်းဆူပြည်ဖျက် လုပ်ရပ်ဟူသမျှသည် လူ့အခွင့်အရေးမဟုတ်ကြောင်း အဓိပ္ပာယ်ဖွင့်ထားပြီးဖြစ် ...။

လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်မှုနှုန်း များပြားနေ နှစ်ပေါင်း ၁၅၀အတွင်း ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုနှုန်း နှစ်ဆရှိ

ဘန်း မတ် ၂၄

ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်နှင့် မီသိန်းဓာတ်ငွေ့တို့ လေထုအတွင်း ပါဝင်မှုနှုန်းမှာ လွန်ခဲ့သည့်နှစ်ပေါင်း ၆၅၀၀၀၀အတွင်း မည်သည့်အချိန်ကထက်မဆို ယခုအခါ ပိုမိုများပြားလျက် ရှိသည်။

တောင်ဝင်ရိုးစွန်းဒေသ ရေခဲပြင်အောက် ၃ကီလိုမီတာမှ ရေခဲကို တူးယူပြီး ဥရောပသုတေသနပညာရှင်များက လေ့လာရာမှ အထက်ပါအတိုင်း တွေ့ရှိခြင်းဖြစ်သည်။

မကြုံစဖူး

ဤသုတေသနပြု တွေ့ရှိချက် က မျက်မှောက်ကာလ ဖန်လုံအိမ်ပူနွေးမှုမှာ မကြုံစဖူး လွန်ကဲနေကြောင်းကို ပြသနေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံဂျာနယ်တွင် အခြားသုတေသနပြု တွေ့ရှိချက်တစ်ခုကိုလည်း ဖော်ပြထားသည်။ ယင်းမှာ ပင်လယ်ပြင် ရေမျက်နှာပြင် မြင့်တက်မှုမှာ ယခုအခါတွင် လွန်ခဲ့သော ရာစုနှစ်များစွာကထက် နှစ်ဆပိုမြန်ကြောင်း တွေ့ရသည်ဆို၏။

မှန်းဆနိုင်

ဒွန်းမ်ကွန်ကော့ဒ်ီးယားခေါ်သည့် တောင်ဝင်ရိုးစွန်းတစ်နေရာမှ ရေခဲကို တူးဖော်ကြည့်သောအခါ အတွင်း၌ ဓာတ်ငွေ့ပူဖောင်းများကို တွေ့ရသည်။ ထိုခေတ်ထိုအခါက ဓာတ်ငွေ့များ ပေါင်းစပ်မှုအတိုင်းအတာကို ဖော်ပြသည့် အရေးပါသော အထောက်အထားဖြစ်ပြီး မျက်မှောက်ခေတ်အခြေအနေက ရေရှည်တွင် မည်သို့ဖြစ်လာနိုင်သည်ကို မှန်းဆနိုင်ပေသည်။

အဆပေါင်း ၂၀၀

လေထုအတွင်း ကာဗွန်ဒိုင် အောက်ဆိုဒ်ဓာတ်ပါဝင်မှုနှုန်းမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၆၅၀၀၀၀ အတွင်းမှ မည်သည့်အချိန်ကထက်မဆို ယခုအခါ အဆပေါင်း ၂၀၀ ပိုမြန်လာသည်ကို တွေ့ရသည်ဆို၏။

ပြီးခဲ့သည့်နှစ်ပေါင်း ၁၅၀အတွင်း ပင်လယ်ပြင် ရေမျက်နှာပြင် မြင့်တက်မှုနှုန်းမှာလည်း ကုန်လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာကထက် နှစ်ဆပိုမြန်သည်။

မြင့်တက်မှုနှုန်း

နှစ်ပေါင်း ၁၅၀ အတွင်းတွင် ကမ္ဘာတစ်ဝန်း၌ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာကို နေရာအနှံ့ သုံးစွဲပြီး ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ ပိုမိုလာသည့်အတွက် ပင်လယ်ပြင်ရေမျက်နှာပြင် မြင့်တက်မှုနှုန်း ပိုမြန်လာရခြင်းဖြစ်သည်။

ဤ ၂၁ ရာစုအတွင်းတွင် စုစုပေါင်း ၈၈စင်တီမီတာအထိ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လိမ့်မည်ဟု ရာသီဥတု ပြောင်းလဲမှုအကဲဖြတ်အဖွဲ့က ခန့်မှန်းလိုက်သည်။ **(အင်တာနက်)**

နိုင်ငံတကာ သတင်းများ

အယ်လ်ဂျီးရီးယား၌ ငလျင်လှုပ် လူလေးဦးသေဆုံး၊ ၃၆ ဦးဒဏ်ရာရ

အယ်ဂျီရာ မတ် ၂၄

အယ်လ်ဂျီးရီးယားနိုင်ငံတွင် မတ် ၂၀ ရက်က ရစ်ချ်တာစကေး ၅ ဒသမ၈ ရှိသည့် ငလျင်တစ်ခု လှုပ်ခဲ့ရာ လူလေးဦးထက်မနည်း သေဆုံးပြီး ၃၆ဦး ဒဏ်ရာရရှိခဲ့ကြောင်း အယ်လ်ဂျီးရီးယား ရေဒီယိုက ကြေညာသည်။

အဆိုပါ ငလျင်သည် မြို့တော်အယ်လ်ဂျီးရီးယား၏ အရှေ့ဘက်ကီလိုမီတာ ၃၀၀(မိုင် ၁၉၀)အကွာ ဘီဂျာယီယာပြည်နယ် အစိတ်အပိုင်းများ၌ တုန်လှုပ်ခဲ့ခြင်းဖြစ်ကြောင်း ရေဒီယိုက ဖော်ပြသည်။ **(အပေါ်ပုံ)**

ရေဒီယိုက လူလေးဦးသေဆုံးသည်ဟု ကြေညာသော်လည်း လူခုနစ်ဦးသေဆုံးပြီး လာလမ်ကျေးရွာ၌ အဆောက်အအုံလေးခု ပျက်စီးသွားသည်ဟု မျက်မြင်တွေ့ရှိသူများကို ကိုးကား၍လည်း ဖော်ပြခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ကွင်းစလန်း၌ မုန်တိုင်းတိုက်ခတ်၊ သီးနှံစိုက်ခင်းနှင့် နေအိမ်များပျက်စီး

ကင်ဘာရာ မတ် ၂၄

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်၌ မတ် ၂၀ရက်က လာရီအမည်ရှိ အပူပိုင်း ဆိုက်ကလုံးမုန်တိုင်း တိုက်ခတ်ခဲ့ရာ ကိုင်းစ်လေဆိပ်၌ လေယာဉ်တစ်စင်း လဲကျတိမ်းမှောက်နေခြင်း ဖြစ်သည်။ **(အပေါ်ပုံ)**

ယင်းမုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၁၈၀နှုန်းဖြင့် တိုက်ခတ်ခဲ့မှုကြောင့်သီးနှံစိုက်ခင်းများ ပျက်စီးသွားခဲ့ကြောင်း၊ နေအိမ်အများအပြား ပျက်စီးသွားကြောင်း၊ မော်တော်ယာဉ်များ မောင်းနှင်သွားလာမှုများ ရပ်တန့်သွားရပြီး လျှပ်စစ်ဓာတ်အားပေးလိုင်းများ၊ သစ်ပင်များ ကျိုးကျေပျက်စီးကုန်ကြောင်း သိရသည်။

ယင်းဆိုက်ကလုံးမုန်တိုင်းသည် ဩစတြေးလျနိုင်ငံ၌ ယခုနှစ်အတွင်း တိုက်ခတ်သည့်မုန်တိုင်းတွင် အကြီးမားဆုံး မုန်တိုင်းတစ်ခုဖြစ်ကြောင်း ဩစတြေးလျမိုးလေဝသဌာနက ကြေညာသည်။ **အမ်အင်အေ၊ရိုက်တာ**

ဥရောပသမဂ္ဂနိုင်ငံများတွင် ဆေးလိပ်ငွေ့ ရှူမိမှုကြောင့် လူ ရှစ်သောင်းနီးပါး နှစ်စဉ်သေဆုံးနေရ

ဘရပ်ဆဲလ် မတ် ၂၄

ဥရောပသမဂ္ဂနိုင်ငံများ(အီးယူ)တွင် ဆေးလိပ်ငွေ့များ ရှူရှိုက်မိကြသဖြင့် နှစ်စဉ်ပျမ်းမျှ လူပေါင်း ၇၉၅၀၀ သေဆုံးလျက်ရှိကြောင်း မတ် ၂၁ရက်က ထုတ်ဝေသည့် လှုံ့ဆော်ရေးအဖွဲ့၏သတင်းတွင် ဖော်ပြပါရှိသည်။

ပံ့ပိုးပေးခဲ့

သေဆုံးကြသူများတွင် ဆေးလိပ်မသောက်သူ ၂၀၀၀၀ခန့်ပါဝင်ကြောင်း အီးယူကျန်းမာရေးနှင့် ဆေးလိပ်သောက်မှုဆန့်ကျင်ရေးအုပ်စု ပံ့ပိုးပေးခဲ့သည့် ဆေးလိပ်သောက်မှု လွတ်မြောက်ရေး မိတ်ဖက်အဖွဲ့က ဥရောပပါလီမန်တွင် ထုတ်ဖော်တင်ပြခဲ့သည်။

သေဆုံးရ

နှလုံးရောဂါ၊ လေဖြတ်ခြင်းနှင့် အဆုတ်ကင်ဆာများကြောင့် သေဆုံးရမှုအပါအဝင် နှစ်စဉ်အရွယ်ရောက်ပြီး ဆေးလိပ်မသောက်သူ ၁၉၀၀၀ကျော် သေဆုံးလျက်ရှိကြောင်း ကွင်းစလင်းတက္ကသိုလ်မှ ပါမောက္ခ ကွန်ရက်ဂျမ်ရိုဇစ်က ပြောကြားသည်။

ပြောကြား

အထူးသဖြင့် သေဆုံးသူအများစုမှာ ဆေးလိပ်ငွေ့များ လွှမ်းခြုံရှိနေသည့် အရက်ဘားဆိုင်များနှင့် စားသောက်ဆိုင်များမှ အလုပ်သမားများဖြစ်ကြကြောင်း ဆေးလိပ်သောက်မှု လွတ်မြောက်ရေးမိတ်ဖက်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ပါမောက္ခ ဂျွန်ဘရစ်တွန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

သက်တမ်း နှစ် ၂၅၀ ရှိ လိပ်ကြီး အသည်းရောဂါကြောင့် သေဆုံး

နယူးဒေလီ မတ် ၂၄

အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ရှိ တိရစ္ဆာန်ရုံတစ်ရုံ၌ အယ်လ်ဒါဘရာ-ဆေချီလက်အမည်ရှိ ပင်လယ်လိပ်ကြီး တစ်ကောင်ကို တွေ့ရခြင်း ဖြစ်သည်။ **(ဝဲပုံ)** ယင်း ပင်လယ်လိပ်ကြီးသည် သက်တမ်းနှစ်ပေါင်း ၂၅၀ရှိပြီး အလွန်ရှားပါးသည့် လိပ်မျိုးဖြစ်သည်။ ၎င်း ပင်လယ်လိပ်ကြီး၏ သက်တမ်းမှာ နှစ်ပေါင်း ၂၅၀ရှိပြီဖြစ်သဖြင့် တိရစ္ဆာန်ဆရာဝန်များက ကြပ်မတ်ပြုစုစောင့်ရှောက်လျက်ရှိနေစဉ်အတွင်း အသည်းရောဂါကြောင့် မတ်၂၀ရက်က သေဆုံးသွားပြီ ဖြစ်ကြောင်း အိန္ဒိယ အာဏာပိုင်များက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဦးထုပ်ငယ်များနှင့်ဖက်ရှင်

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် မတ် ၂၀ရက်က ကျင်းပသည့် ဖက်ရှင်ပြပွဲတစ်ခု၌ ဆန်းသစ်တီထွင်ထားသော ဖက်ရှင်ဒီဇိုင်းများကို ဖော်ထုတ်ပြသခဲ့ရာ၌ ဒီဇိုင်းပညာရှင် စတီဗင်ဆင်ကင်ဝေး၏ ဦးထုပ်ငယ်များ ဆင့်ကာ လှလှပပ ပုံစံဖော်ထားသည့် ဖက်ရှင်ဖြင့် စံပြမယ်တစ်ဦးကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်၏မိသားစုစီမံကိန်း လူသန်း ၄၀၀ မွေးဖွားမှုကို ဟန့်တားနိုင်ခဲ့

ပေကျင်း မတ် ၂၄

တရုတ်နိုင်ငံ၏ မိသားစုစီမံကိန်းသည် လွန်ခဲ့သည့် ဆယ်စုနှစ် သုံးစုအတွင်း လူသန်း ၄၀၀ မွေးဖွားမှုကို ကာကွယ်ရန် အထောက်အကူဖြစ်စေခဲ့ကြောင်း အမျိုးသား လူဦးရေနှင့် မိသားစုစီမံကိန်းကော်မရှင်ဝန်ကြီး ကျန်ဝေကျောင်က မတ် ၂၁ရက်တွင် ပြောကြားသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများက နှစ်ပေါင်း ၁၀၀ကျော်တွင် သိရှိခဲ့သည့် လူဦးရေ ထိန်းချုပ်မှု ရည်မှန်းချက်အောင်မြင်ရန် တရုတ်နိုင်ငံသည် နှစ်ပေါင်း ၃၀ခန့် အချိန်ယူရမည်ဖြစ်ကြောင်း တွေ့ဆုံမေးမြန်းခန်းတွင် ဝန်ကြီးက ပြောကြားသည်။

စောင့်ရမည်

အကယ်၍ တရုတ်နိုင်ငံသည် လူဦးရေ သန်း ၄၀၀ ပိုမိုကျော်ခဲ့လျှင် ဘဝအဆင်ပြေရေးတွင် အောင်မြင်နိုင်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။ အကယ်၍ တရုတ်နိုင်ငံသည် ပုံမှန်အတိုင်းမွေးဖွားမှုနှုန်းကို လျှော့ချနိုင်မည်ဆိုလျှင် အချိန်ရှည်ကြာစွာ စောင့်ရမည်ဖြစ်ကြောင်း မစ္စတာကျန်က ပြောကြားသည်။

တရုတ်နိုင်ငံသည် မွေးဖွားမှုအသစ်များကို အမြင့်ဆုံး ရင်ဆိုင်နေရသဖြင့်လည်း ယခုအချိန်တွင် လူဦးရေထိန်းချုပ်မှု မူဝါဒကို ပြောင်းရဦးမည် မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကန်နယ်ချဲ့တို့ ရေနံအတွက် အီရန်ကို ခြိမ်းခြောက် ဗင်နီဇွဲလားသမ္မတချာဗက်ဇ် ဝေဖန်ပြောဆို

ကရာကပ်စ် မတ် ၂၄

အီရန်နိုင်ငံ၏ ရေနံသိုက်များနှင့်စပ်လျဉ်း၍ အမေရိကန်နိုင်ငံက အီရန်အစိုးရကို ခြိမ်းခြောက်အကျပ်ကိုင်လျက် ရှိသည်ဟူ၍ ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က စွပ်စွဲလိုက်ပြီးနောက် အီရန်၏ နျူကလီးယားအစီအစဉ်ဆိုင်ရာ အငြင်းပွားမှုတွင် အင်္ဂါနေ့က အီရန်နိုင်ငံဘက်မှ ရပ်တည်လိုက်သည်။

ဗင်နီဇွဲလားနိုင်ငံက ကျူးဘားနိုင်ငံ၊ အီရန်နိုင်ငံတို့နှင့် ရင်းနှီးစွာ ဆက်ဆံခြင်းကြောင့် အမေရိကန်အစိုးရက ဗင်နီဇွဲလားကို ကျွဲမြီးတိုနေသည်။

ထောက်ခံ

အီရန်နိုင်ငံက နျူကလီးယား လက်နက် ထုတ်လုပ်ရေးကို လျှို့ဝှက်စွာ ဦးတည်ဆောင်ရွက်မည်ကို စိုးရိမ်သည့်အတွက် အီရန်၏နျူကလီးယား အစီအစဉ် ရပ်ဆိုင်းရန် အနောက်အုပ်စုအင်အားကြီးနိုင်ငံများက ကြိုးပမ်းစဉ် အီရန်အစိုးရကို ဗင်နီဇွဲလားသမ္မတချာဗက်ဇ်က ထောက်ခံသည်။

ခြိမ်းခြောက်နေ

အမေရိကန်နယ်ချဲ့သမားတို့သည် အီရတ်နိုင်ငံအား ရေနံအတွက် ကျူးကျော်ဝင်ရောက်ခဲ့ကြောင်း၊ ယခုအခါတွင် အီရန်က နျူကလီးယားဗုံးထုတ်ရန်စီစဉ်နေသည်ဟူ၍ လိမ်ညာပြောဆိုနေကြောင်း၊ အထောက်အထား ခိုင်ခိုင်လုံလုံ မရှိဘဲ လိမ်လည်နေခြင်းသာဖြစ်ကြောင်း၊ အမှန်မှာ ယင်းအတွက်ကြောင့် မဟုတ်ဘဲ ရေနံအတွက် နယ်ချဲ့သမားတို့က အီရန်ကို ခြိမ်းခြောက်နေခြင်းသာ ဖြစ်ကြောင်း ချာဗက်ဇ်က ပြောကြားလိုက်သည်။

ပြောကြား

အီရန်၏ နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ မည်သို့တုံ့ပြန်အရေးယူ ရမည်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် သဘောတူညီမှုမရဘဲ လိပ်ခဲတည်းလည်း ဖြစ်နေစဉ် ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

တန်ခိုးသြဇာကျဆုံး

အမေရိကန် တန်ခိုးသြဇာမှာ ကျဆုံးတော့မည်ဟု ယုံကြည်ကြောင်း၊ ဤရာစုနှစ်သည် အမေရိကန် တန်ခိုးသြဇာကျဆုံးမည့် ရာစုနှစ်ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ

ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးကျွန်းရှိ မီယာကမ်ဒါကီ မီးတောင်ကိုတွေ့ရစဉ်။

ဂျပန် ဟိုကိုင်းဒိုးကျွန်း၌ မီးတောင်ပေါက်ကွဲ

တိုကျို မတ် ၂၄

ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးကျွန်းရှိ မီယာကမ်ဒါကီ မီးတောင်သည် မတ် ၂၂ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ မီးတောင်မှ ပြာမှုန်များ၊ မီးခိုးများ ကောင်းကင်တွင် ပျံ့နှံ့လျက်ရှိ ကြောင်း အာဏာပိုင်များက ပြောကြားသည်။

အဆိုပါ မီးတောင်သည် တိုကျိုမြို့ အနောက်မြောက်ဘက် ကီလိုမီတာ ၈၉၀ခန့် အကွာတွင် တည်ရှိပြီး မတ် ၂၁ရက် အင်္ဂါနေ့ နံနက်ပိုင်းမှစတင်ကာ လှုပ်ရှားလျက်ရှိရာ ကောင်းကင်သို့ ပြာမှုန်များ မှုတ်ထုတ်လျက်ရှိသည်။

(အင်တာနက်)

မလေးရှား၌ ကြက်ငှက်တုပ်ကွေး စစ်ဆေးရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်မည်

ကွာလာလမ်ပူ မတ် ၂၄

မလေးရှားနိုင်ငံသည် H_5N_1 မျိုးရိုးဗီဇဆိုင်ရာ ဗိုင်းရပ်စ်ကို စူးစမ်းရှာဖွေရန်အတွက် နိုင်ငံတစ်ဝန်းလုံးမှ အိမ်မွေးတိရစ္ဆာန်များ၏ နမူနာများကို ယူမည်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံလုပ်ငန်းဝန်ကြီး မူဟီဒင်ယာဆင်က မတ် ၂၁ရက်က ပြောကြားသည်။

၎င်း၏ဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်းရှိ ပြည်နယ်အားလုံးတွင် ဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန်အတွက် တိရစ္ဆာန်ဆေးကုသရေးလုပ်ငန်းဌာနများအား ညွှန်ကြားထားကြောင်း ၎င်းက ပြောကြားသည်။

ကျယ်ကျယ်ပြန့်ပြန့်ရယူ

မိမိ၏ဝန်ကြီးဌာနသည် ရောဂါပိုး နမူနာများကို ကျယ်ကျယ်ပြန့်ပြန့် ရယူနိုင်ရေးအတွက် တိရစ္ဆာန်ဆေးကု ပြည်နယ်ညွှန်ကြားရေးမှူးများကို ညွှန်ကြားထားကြောင်း၊ အစောပိုင်းက ရောဂါကျရောက်သည့် ဒေသများဆီမှသာ ဖြစ်သော်လည်း ယခုအခါ ပြည်နယ်အသီးသီးပါ ပြုလုပ်ရမည်ဖြစ်ကြောင်း မစ္စတာ မူဟီဒင်က ပြောကြားသည်။

ယခုကဲ့သို့ လှုပ်ရှားဆောင်ရွက်မှုမှာ လွန်ခဲ့သည့် ရက်သတ္တပတ်က ကျန်းမာရေးအာဏာပိုင်များက ကြက်ငှက်တုပ်ကွေး ရောဂါနှစ်ခုရှိကြောင်း အတည်ပြုပြောကြားခဲ့သည့် မြောက်ပိုင်း ပီရက်ပြည်နယ်ရှိ ဒေသအချို့တွင် ကြက်ကလေးများတွင် ဖြစ်ပွားသည့် နမူနာကို မတ်၂၁ရက်က တွေ့ရှိခဲ့ပြီးနောက် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

အဆိုတင်သွင်းမည်

မိမိသည် စစ်ဆေးစမ်းသပ်မှုအရ မွေးမြူရေး တိရစ္ဆာန်အရေအတွက် တိုးပွားလာမှုနှင့်အတူ ဓာတ်ခွဲခန်းတိုင်း၌ ရောဂါပိုးမွှားဆိုင်ရာ ဌာနများ ပိုမိုထားရှိရန် ကက်ဘိနက်တွင် အဆိုတင်သွင်းမည်ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နှစ်ပေါင်းများစွာက ငွေဒင်္ဂါးပြားများနှင့် အသုံးအဆောင်ပစ္စည်းများ

မြေအောက်မှ ရှာဖွေတွေ့ရှိရသော ငွေဒင်္ဂါးပြားများနှင့် အသုံးအဆောင်ပစ္စည်းများကို ပြသနေစဉ်။ (ယာပုံ)

အဆိုပါ ပစ္စည်းများကို အင်္ဂလန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ကျေးလက်တစ်ခု၏ မြေအောက်မှ ရှာဖွေတွေ့ရှိရခြင်းဖြစ်ပြီး ငွေဒင်္ဂါးပြားသုံးပြားနှင့် အိမ်ရိုက်သံ သံချောင်းများပါဝင်သည်။ သုတေသနပညာရှင်များက ရှေးနှစ်ပေါင်းများစွာက လူတို့ အသုံးအဆောင်ပစ္စည်းများဖြစ်ကြောင်း ပြောကြားသည်။

(အင်တာနက်)

ကမ္ဘာ့အကြီးမားဆုံး အုန်းသီးတေးဂီတပွဲတော်

ကမ္ဘာ့အကြီးမားဆုံး အုန်းသီးတေးဂီတပွဲတော် ဆင်နွှဲနေသူများကို တွေ့ရစဉ်။ (ဝဲပုံ)

နယူးယောက်မြို့တွင် အုန်းသီးတေးဂီတပွဲတော်တစ်ရပ်ကို မကြာမီက ကျင်းပရာ အုန်းသီးများဖြင့် ပြုလုပ်ထားသော တူရိယာများဖြင့် တီးမှုတ်ဖျော်ဖြေကြသလို လာရောက်ဆင်နွှဲသူများကလည်း တစ်ဦးလျှင် အုန်းသီးတစ်လုံးစီ ယူဆောင်လာခြင်းဖြစ်ရာ ကမ္ဘာပေါ်တွင် အရေအတွက်အများပြားဆုံး အုန်းသီး ဂီတပွဲတော်တစ်ခု အဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်မည် ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကာကွယ်ဆေးထိုး

ပါလက်စတိုင်း၌ ကြက်ငှက်တုပ်ကွေး ရောဂါပိုး တွေ့ရှိရသဖြင့် ကြက်များကို ကာကွယ်ဆေးများထိုးနှံပေးနေသည်ကို မတ် ၁၇ရက်က တွေ့ရစဉ်။ (အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အဘူဂရိတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှု အမေရိကန် တပ်ကြပ်ကြီးတစ်ဦး ထောင်ဒဏ်ကျခံရ

ဝါရှင်တန် မတ် ၂၄

နာမည်ဆိုးနှင့် ကျော်ကြားသည့် ဘဂ္ဂဒက်မြို့ရှိ အဘူဂရိတ်အကျဉ်းထောင်မှ အကျဉ်းသားများကို ခွေးဖြင့် ခြောက်လှန့်သည့် အမေရိကန်ကြည်းတပ်မှ တပ်ကြပ်ကြီးမိုက်ကယ်စမစ်အား ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ်ရှစ်နှစ်နှင့်ကိုးလ ပြစ်ဒဏ်ချလိုက်ကြောင်း အမေရိကန်ကြည်းတပ်ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်ချုပ်ကြီး ရွန်းလတ်က ပြောကြားသည်။

၂၀၀၃ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်များအတွင်းတွင် တပ်ကြပ်ကြီး စမစ်(၂၄နှစ်)သည် အကျဉ်းသားများအား သူတို့ကိုယ်သူတို့အပေါ် ကျင်ကြီးကျင်ငယ်များ စွန့်ရန် ခွေးဖြင့် ခြိမ်းခြောက်ခဲ့သည်ဟု စွဲချက်တင်ခံရသူဖြစ်သည်။

အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုတွင် အကျဉ်းသားများအား ခွေးများက ဟိန်းနေ၊ မာန်ဖီနေသည့် ဓာတ်ပုံများ ကမ္ဘာတစ်ဝန်းသို့ ပျံ့နှံ့ခဲ့သည်။ သို့ဖြင့် အီရတ်အရေးတွင် အမေရိကန်အား ထောက်ခံမှုများ ပျက်ပြားကုန်ရသည်ဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်အနောက်ပိုင်း၌ ကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရ

ဖလူးဂျာ မတ် ၂၄

အီရတ်နိုင်ငံ အနောက်ပိုင်းတွင် အမေရိကန် တပ်ဖွဲ့ဝင်များအား အင်္ဂါနေ့က လမ်းဘေးဗုံးခွဲတိုက်ခိုက် ခြင်းနှင့် စိန်ပြောင်းဖြင့် ပစ်ခတ်ခြင်းတို့ကြောင့် ထိခိုက်ဒဏ်ရာရကုန် ကြောင်း ဒေသခံများက ပြောကြား သည်။

ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် ကီလိုမီတာ ၂၅၀ခန့်အကွာ ဟာဒီသာမြို့အနီး လမ်းမကြီးပေါ်တွင် အင်္ဂါနေ့ နံနက်က လမ်းဘေးဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားသဖြင့် အမေရိကန် ဟမ်းဗီးကားတစ်စီး ပျက်စီးသွားသည်။

တစ်ဖန် ဟာဒီသာမြို့အနီး အယ် ဓာဝီယာကျေးရွာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ် တနင်္လာ နေ့ညက လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အမေရိကန် ဟမ်းဗီးကားတစ်စီးပျက်စီး သွားပြန်သည်။

ဖလူးဂျာမြို့ အရှေ့ဘက်ရှိ အမေရိကန်တပ်စခန်းကို ပြောက်ကျားများက စိန်ပြောင်းဖြင့် သုံးကြိမ်ပစ်ခတ် တိုက်ခိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

(၆၁) နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

ပါရမီဖြည့်ဖက်များ၏ တပ်မတော်

တပ်မတော်နှင့် ပြည်သူသည် တစ်သွေးတည်း တစ်သားတည်း တစ်အူထုံ့ဆင်း မောင်နှမသားချင်းတို့ပေတည်း။ ထို့ကြောင့် ဘယ်သောအခါမျှ ခွဲမရနိုင်ပါ။ တပ်မတော်သည် ပြည်သူ့သွေးသားပင် ဖြစ်သည်။ ပြည်သူထဲမှ ပြည်သူ့တပ်မတော်မို့ တပ်မတော်နှင့် ပြည်သူသည် တစ်စိတ်တစ်ဝမ်းတည်းသာ ဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုး၊ တပ်မတော်နှင့် ပြည်သူသည် တစ်တွဲတည်းဖြစ်နေသည့်အတွက် တပ်မတော်သည် တိုင်းပြည်အတွက်သာဖြစ်သည်။ အစိုးရ၊ ပြည်သူ၊ ဝန်ထမ်းများနှင့် တပ်မတော်သားများသည် နိုင်ငံတော်ဖွံ့ဖြိုးစည်ပင်အောင် လုပ်ဆောင်နေသူများပင်ဖြစ်သည်။

တပ်မတော်သည် စတင်ဖွဲ့စည်းပြီးကတည်းက နိုင်ငံ့အကျိုးသယ်ပိုးပြီး ခက်ခက်ခဲခဲနှင့် ဖွဲ့စည်းတည်ထောင်ရသောအချိန်မှာ စားစရာ၊ ဝတ်စရာ၊ နေစရာ ဆင်းရဲစွာဖြင့် အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်ခဲ့ရသည်။ အမိနိုင်ငံ၏မြေပေါ်သို့ ခြေတစ်ဖဝါးမျှ ကျူးကျော်မခံနိုင်ပါ။ ဓါး၊ လှံ၊လ၊ ဝီရိယ၊ သတ္တိများဖြင့် မြန်မာတို့၏ ဇာတိမာန်များကို အပြည့်အဝအသုံးချ၍ တိုက်ပွဲပေါင်းစုံကို ဆင်နွှဲရင်း ပြည်သူများ၏သား၊ ပြည်သူ့စစ်သားများသည် အသက်များစွာ၊ သွေးသွေးပေါင်းများစွာကို ပေးဆပ်ခဲ့သည်။ ထို့အတူ တည်တံ့သောနှလုံးသားနှင့် အရင်းခံထားသော မြန်မာနိုင်ငံတော်ကြီး နှစ်ပေါင်းများစွာ၊ အချိန်ပေါင်းများစွာ အစွန့်ရှည် ခိုင်မာစေရန်၊ ပြည်သူများ အေးချမ်းစေရန်၊ တိုင်းပြည်ကြီးပွားတိုးတက်စေရန် ကောင်းမြတ်သောစေတနာများနှင့် မွန်မြတ်သောအလုပ်နှင့် လုပ်ဆောင်ပေးလျက်ရှိပေသည်။ တစ်နည်းအားဖြင့် ဆိုရသော် တိုင်းပြည်အတွက် ပါရမီဖြည့်သည့်တပ်မတော်၊ ပြည်သူ့အတွက် ပါရမီဖြည့်သည့် တပ်မတော်ပင်ဖြစ်သည်။

ရှေးခေတ်မှ ယနေ့လက်ရှိအခြေအထိ ကျရောက်သည့် တာဝန်မှန်သမျှကို မငြင်းဆန်ဘဲ ဖြစ်ပေါ်လာသမျှ ကိစ္စအဝဝကို ဖြေရှင်းကာကွယ်စောင့်ကြပ်ပေးနေသော တပ်မတော်အဖြစ် ရပ်တည်နေပါပြီ။ တိုင်းရင်းသားပြည်သူများ အတူတကွ အေးချမ်းစွာနေနိုင်ရေးအတွက် ဖြစ်ပေါ်လာသည့် အန္တရာယ် မှန်သမျှကို နည်းမျိုးစုံဖြင့်ကာကွယ်၍ စောင့်ရှောက်နေသော တပ်မတော် ဖြစ်သည်။ ဒါတွေသည် သမိုင်း၌ မော်ကွန်းတင်ထားသော အစဉ်အလာကောင်းများဖြစ်သည်။

နိုင်ငံတော်အတွက် တပ်မတော်မရှိလျှင် မဖြစ်ပါ။ တကယ်တမ်း စွန့်လွှတ်၊ စွန့်စားကြမည်ဆိုလျှင် တပ်မတော်သည် နိုင်ငံတော်က လေ့ကျင့်ပျိုးထောင်ပေးထားသော စစ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများဖြင့် ပြည်သူလူထုရှေ့မှ မားမားမတ်မတ်ရပ်တည်ပေးနေသော နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများသာ ဖြစ်သည်။ တကယ့်တိုင်းပြည်အတွက် ကျဉ်းထဲကျပ်ထဲဖြစ်လာတိုင်း တပ်မတော်၏ မားမားမတ်မတ် ရပ်တည်ပေးမှုကြောင့် တိုင်းပြည်အေးချမ်းခဲ့သည်။ "တပ်မတော်ရှိမှ အေးချမ်းလှ၊ ပြည်သူအေးချမ်းမှပြည်သာလှ"ဆိုသလို နိုင်ငံတော်အတွက် ပြည်သူနှင့် တပ်မတော်သည် ရေမြင့်ကြာတင့်သည့်ပမာ ဒွန်တွဲဆက်စပ်နေသည်။

မိမိနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကို မောင်နှမများသည် ရေရှည်တည်တံ့စွာ၊ ချစ်ခင်ရင်းနှီးစွာ ပေါင်းစည်းနေထိုင်သွားကြရမည်သာဖြစ်သည်။

ယနေ့အချိန်အခါသည် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ ငြိမ်းချမ်းသာယာစွာ ဖြစ်ထွန်းတိုးတက်ရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်ပူးပေါင်းပြီး ဉာဏ်အား၊ ဝီရိယအား၊ ပညာရပ်များစွာဖြင့် ကျွမ်းကျင်သော လုပ်သားများ၊ ပြည်သူ့ဝန်ထမ်းများနှင့် ပိုင်နိုင်စွာ စုပေါင်းလုပ်ဆောင်ပြီး အသိချင်းဖလှယ်၊ ပညာချင်းနှီးနှော၊ နောင်လာနောက်သားများကို ပညာအမွေဖြန့်ဝေလျက် နိုင်ငံ့တာဝန်ယူနိုင်ရန်၊ လက်တွေ့ဘဝများမှာ အသုံးချနိုင်မည့်နည်းကောင်း၊ ပညာကောင်းများ ပေးနေသော အချိန်ကာလဖြစ်သည်။

ယခုကဲ့သို့သော ခေတ်ကာလမှာ၊ အချိန်တိုင်းသည် တန်ဖိုးရှိနေသည့်အတွက် တန်ဖိုးသိကြရလိမ့်မည်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စာရိတ္တပိုင်း၊ လူမှုရေးကဏ္ဍ အခြေခံကျလှသော အပိုင်းအလိုက်

မန်းခင်ခင်

မိမိကျရာတာဝန်များကို ဦးလည်မသုန် အားယူထမ်းဆောင်နိုင်မှ အချိန်ကိုလေးစားစွာ စည်းကမ်းကျစွာ သုံးနိုင်ပါမှ လူမျိုးနှင့် တိုင်းပြည် တန်ဖိုးတက်လျက် လိုရာပန်းတိုင်သို့ ရောက်ကြရပေမည်။

ထိုသို့ရောက်ရန် တပ်မတော်နှင့်ပြည်သူ လက်တွဲမပျက် တူညီသောအသွင်ဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ ရည်ရွယ်ချက်များကို မမိုတ်မသုန်ရှေးရှုလျက် မိမိလုပ်ဆောင်ရသည့် အလုပ်တိုင်းသည် တိုင်းပြည်အတွက်သာ ဖြစ်ရမည်။ လှမ်းနေသောခြေလှမ်းများ၊ လှုပ်ရှားနေသောလက်များ၊ သုံးနေသောဦးနှောက်ဉာဏ်များနှင့် မိမိတတ်မြောက်သော ပညာရပ်တိုင်းကို မိမိတိုင်းပြည်အတွက် ပထမဦးစားပေး တာဝန်တစ်ရပ်အနေဖြင့် လုပ်ဆောင်ပေးလျက်ရှိနေသည်။ အစဉ်အလာကောင်းသော တပ်မတော်နှင့် စည်းလုံးညီညွတ်သော ပြည်သူများ တစ်သားတည်းရှိပြီဖြစ်၍ အခက်အခဲ၊ အတားအဆီးများကို ဧကန်မုချ ကျော်လွှားနိုင်မည်သာ ဖြစ်ပေသည်။ နိုင်ငံတော်အတွက် အရေးအကြီးဆုံးမှာ ပြည်သူနှင့် တပ်မတော်ဖြစ်သည်။ ပေါင်းစည်းခြင်း၊ ညီညွတ်စည်းလုံးခြင်းသည် အနာဂတ်အတွက် မိမိတိုင်းပြည်ရှိ သားကောင်း၊ သမီးကောင်း၊ ဝန်ထမ်းကောင်း၊ ပညာရှင်ကောင်းများ ပိုမိုပေါ်ထွန်းလာမည့် အလားအလာကောင်းများပင် ဖြစ်သည်။

ကျွန်မတို့ မြန်မာနိုင်ငံတော်၏ ဂီတ၊ အနုပညာနှင့်စာပေ၊ ပန်းချီ၊ ပန်းပုစသည့် သုခုမပညာများသည် မြန်မာမှုကမ္ဘာထိ နှစ်သက်မြတ်နိုး

ကြသော တန်ဖိုးထား၍ နိုင်ငံတော်က မြှင့်တင်ပေးနေသော၊ မြန်မာ့ဂုဏ်ကိုဆောင်နေသော ပညာရပ်လည်းဖြစ်ကာ တန်ဖိုးကြီးလှပေသည်။ တစ်ချိန်က တပ်မတော်သားများ ပင်ပန်းနွမ်းနယ်နေသည့်အချိန်၊ တောကြီးခေါင်ခေါင် နှင်းမှောင်မှောင်ထဲမှာ နေရတဲ့အချိန်၊ ငြီးငွေ့စရာကောင်းသောနေရာ၊ လူသူကင်းဝေး၍ ပျော်ရွှင်ဖွယ်မရှိသောနေရာ၊ သားသမီး ဆွေမျိုးမရှိသောနေရာ၊ ရှေ့တန်းတစ်နေရာ၊ တိုက်ဖော်တိုက်ဖက်၊ သေဖော်သေဖက်များနှင့် အန္တရာယ်ခရီးလမ်း လျှောက်လှမ်းရသောအချိန်မှာ ဂီတအနုပညာရှင်များက ရှေ့တန်းစခန်းများအထိ သွားရောက်၍ ဖြေဖျော် ပေးခဲ့ကြရသည်။ အနုပညာရှင်များ၏ ပြည်ချစ်စိတ်ဓာတ်ကြောင့် ပြည်သူ့သားကောင်းများ စိတ်ဓာတ်ခွန်အား ပိုမိုနိုးကြားတက်ကြွခဲ့ကြသည်။ ဤကဲ့သို့ တပ်မတော်နှင့် ပြည်သူ ကြည်ဖြူစွာလက်တွဲ ပူးပေါင်းဆောင်ရွက်မှုများသည် ကောင်းမြတ်သော အစဉ်အလာများပင် ဖြစ်သည်။

ကျွန်မတို့ တပ်မတော်သား မိသားစုဝင်များကလည်း ခင်ပွန်းသည်များကို အားအင်ပြည့်စေရန် ရောက်ရာအရပ် တပ်စခန်းများသို့ စားဖွယ်သောက်ဖွယ်များ ပေးပို့ကြသည်။ မိဘပြည်သူများကလည်း ရှေ့တန်းရောက် တပ်မတော်သားများထံသို့ စားသောက်ဖွယ်ရာများ၊ ဆေးဝါးများ၊ စာအုပ်စာစောင်များပေးပို့ပြီး အားပေးဂုဏ်ပြုကြသည်။

စာပေနှင့် စာနယ်ဇင်းလောကသားများကလည်း တပ်မတော်ဂုဏ်ပြု ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများဖြင့် ရေးသားအားပေးကြသည်။ လူငယ် ကျောင်းသား ကျောင်းသူလေးများကလည်း ဂုဏ်ယူစကားစာစောင်ပါးကြသည်။ ပါရမီဖြည့်ဖက်များ၏ စေတနာ မေတ္တာများကြောင့် တပ်မတော်သည် ရန်အသွယ်သွယ်ကို အောင်မြင်စွာ ချေမှုန်းနိုင်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

မြန်မာပြည် ကာကွယ်မည်

* ငါတို့နေသည်၊ မြန်မာပြည်တည့်
ဇာနည်ယောကျ်ား၊ ပြည်ချစ်သားတို့
ထင်ရှားဘိသော်၊ ခုတိုင်ကျော်သည်
အနော်ရထာ၊ ရာဇာဓိရာဇ်
ကျန်စစ် ဘုရင့်နောင်၊ အခေါင်ထွတ်လန်း
ပြည်ချစ်ပန်းတို့
ရဲစွမ်းအံ့ဖွယ်၊ အသွယ်သွယ်၏
ပန်းနှယ်ထုံသင်း၊ ဂုဏ်သတင်းလျှင်
ထွန်းလင်းကမ္ဘာ ကျော်ခဲ့ပြီ။

* ငါတို့ချစ်သည်၊ မြန်မာပြည်တည့်
ပြာရီမှောင်မှိုင်း၊ တောင်တံတိုင်းနှင့်
တောင်လှိုင်းခွေရစ်၊ နေသည်ဖြစ်လျက်
စုလစ်မွမ်းချွန်၊ တံခွန်ကုက္ကား
ဘုရားတန်ဆောင်း၊ သိမ်ကျောင်းဇရပ်
ပြာသာဒ်အဆင်း၊ ရွှေရည်ဝင်းလျက်
အိုင်၊ အင်း၊ မြစ်၊ ချောင်း၊ ရှုမညောင်းသည်
နှစ်ပေါင်းကြာရှည် ခဲ့လေပြီ။

* ဒို့ကာကွယ်မည်၊ မြန်မာပြည်တည့်
ဇာနည်တို့ထုံး၊ ပိုင်ပိုင်သုံး၍
ချေမှုန်းလျက်သော်၊ တပ်မတော်လျှင်
မြေပေါ်မြေအောက်၊ ရေအောက်မချန်
ရန်သူမှန်လျှင်
မကျန်ရပေ၊ ညက်ညက်ကြေ၍
ပျက်ကြွေငြိမ်းချုပ်၊ အမြစ်ဖြုတ်အံ့
အချုပ်အခြာ၊ အာဏာတန်ခိုး
လူမျိုးနယ်ပယ်၊ ကမ္ဘာ့အလယ်တွင်
နေနှယ်ထိန်လင်း၊ လနှယ်ဝင်းဖို့
နှင်းသက်ဆယ်ပြန်၊ စွန့်လွှတ်ရန်လျှင်
မိဋ္ဌာန်ခဲ့ပြီ ဒို့စစ်သည်...။
ပြည်သူ့အတွက် ရဲသွေးနီ...။
ထာဝရ အောင်လံလွှင့်စေမည် ...။

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်...

ခွန်ရဲသွေး (အေးသာယာ)

တပ်မတော်အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်

ကလောမြို့ ဓမ္မရောင်ခြည်
မဟာစည် သာသနာ့ရိပ်သာ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၄

ကလောမြို့ ဓမ္မရောင်ခြည် မဟာစည်သာသနာ့ရိပ်သာတွင် ဒုတိယအကြိမ်မြောက် လူငယ်များ ယဉ်ကျေးမှုသင်တန်းတရားစခန်းကို မတ် ၂၉ရက်မှ ဧပြီ ၇ရက်အထိလည်းကောင်း၊ အကြိမ် (၂၀)မြောက် လူကြီးတရားစခန်းကို ဧပြီ ၁၀ရက်မှ ၂၄ရက်အထိလည်းကောင်း ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းတွင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယကို ခံယူလျက် ရန်ကုန်မဟာစည်ရိပ်သာကြီးမှ ကမ္မဋ္ဌာနာစရိယ ဆရာတော်များဖြစ်ကြသည့် ဆရာတော်ဦးစန္ဒရ၊ ဆရာတော် ဦးဝိလာသနှင့် ဆရာတော်ဦးနန္ဒသာရတို့က တရားတော်များ ဟောကြားပြသသွားမည်ဖြစ်သည်။

လူငယ်တရားစခန်းဝင်လိုသူများသည် မတ် ၂၆ရက် နောက်ဆုံးထား၍လည်းကောင်း၊ လူကြီးတရားစခန်းဝင်လိုသော ယောဂီများသည် ဧပြီ ၈ရက်နောက်ဆုံးထား၍လည်းကောင်း စာရင်းပေးသွင်းကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်နှင့်ဆေးဝါးများ လှူဒါန်းလိုသော အလှူရှင်များသည် ဓမ္မရောင်ခြည် မဟာစည် သာသနာ့ရိပ်သာ အမှတ်(၃)ရပ်ကွက် ကလောမြို့ ဖုန်း-၀၈၁-၅၀၁၃၂၊ တော်ဝင်ပုံနှိပ်တိုက် အမှတ်(၅)ရပ်ကွက် ကလောမြို့၊ ဒေါ်နုနု(နုရတနာရွှေဆိုင်) အမှတ်(၄)ရပ်ကွက် ကလောမြို့၊ ဦးမျိုးထွန်း(ပြည့်စုံစတိုး) အမှတ်(၃)ရပ်ကွက် အောင်ပန်းမြို့၊ ဆရာမဒေါ်တင်တင်နွယ် အမှတ်(၁)ရပ်ကွက် အောင်ပန်းမြို့ ၊ ဦးမောင်မောင်(မိုး-မိတ္တူ) အမှတ်(၁)ရပ်ကွက် အောင်ပန်းမြို့တို့သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ (၆၁)နှစ်မြောက် တပ်မတော်နေ့ပြခန်းအတွက် ပြခန်းများ ခင်းကျင်းပြသထားရှိ မှုများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၈နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်၍ (၆၁)နှစ်မြောက် တပ်မတော်နေ့ပြခန်းအတွက် ပြခန်းများခင်းကျင်း ပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ ရောက်ရှိလာရာ (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်၊ ခေတ္တတပ်မတော်စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူး ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်၊

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်နှင့် တာဝန်ရှိသူများသည် တပ်မတော်စစ်သမိုင်းပြတိုက် မြေညီထပ်ရှိ နိုင်ငံတော်ဦးတည်ချက်(၁၂) ရပ်ပြခန်းကို ကြည့်ရှုကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် တပ်မတော်စစ်သမိုင်းပြတိုက် ဒုတိယထပ်၌ ခင်းကျင်းပြသထားသော ဝန်ကြီးဌာနပြခန်း အခန်း ၃၀၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပြခန်းများ၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးများ ပြခန်းနှစ်ခန်းတို့ကိုလည်းကောင်း၊ ပြတိုက် ပထမထပ်ရှိ တိုင်းစစ်ဌာနချုပ် ပြခန်း၁၂ခန်း၊ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး ပြခန်းတစ်ခန်းနှင့် ပြခန်းနှစ်ခန်းတို့ကိုလည်းကောင်း၊ ပြတိုက်မြေညီထပ်ရှိ တပ်မတော်(ရေ)ပြခန်း၊ တပ်မတော်(လေ)ပြခန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးများ ပြခန်းရှစ်ခန်းတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြပြီး နံနက်၁၀နာရီတွင် တပ်မတော်စစ်သမိုင်းပြတိုက်မှ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ်၂၂ရက်က ရန်ကုန်မြို့ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးက ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးနှင့် ကြည့်မြင်တိုင်အရိုးအထူးကုဆေးရုံတို့သို့ လူနာသုံးဘီးတပ်ကုလားထိုင်များလှူဒါန်းပွဲကျင်းပရာ ဆေးရုံအုပ်ကြီးများ လက်ခံယူကြစဉ်။

(က-ပ)

စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ကျွန်မတို့ မြန်မာပြည်သူပြည်သားများသည် မြန်မာပြည်ကို ချစ်ကြသည်။ တိုင်းရင်းသားအချင်းချင်း ချစ်ကြသည်။ ဘယ်နေရာနေနေ ဘယ်မြို့ရောက်ရောက် ကိုယ့်မြန်မာပြည်သားတွေ၊ တိုင်းရင်းသားတွေ တွေ့ရတဲ့အခါမှာ ဝမ်းသာကြသည်။ ပျော်ရွှင်ကြသည်။ သည်းခံကြသည်။ ကျေနပ်ကြသည်။ ခွင့်လွှတ်ကြသည်မှာ မြန်မာ့ဓလေ့သဘာဝပင်ဖြစ်သည်။ နှလုံးသားမှ ချစ်ခြင်းမေတ္တာတရားသည် ဘယ်သောအခါမျှ မတိမ်ကောနိုင်ပါ။ တပ်မတော်သည် ပြည်သူထဲမှ ပေါက်ဖွားခဲ့သော ပြည်သူအကျိုးကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေသော ပြည်ချစ်တပ်မတော်ဖြစ်သည်။

ဒါကြောင့် **"တပ်မတော်နှင့်ပြည်သူ လက်တွဲကူညီရှေ့သို့ချီကြပါစို့"** ရေးသားခြင်းဖြင့် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလိုက်ရပါသည်။ ။

* **တပ်မတော်နှင့်ပြည်သူ၊ လက်တွဲကူလျက်**
ကြည်ဖြူစိတ်ထား၊ အလေးထား၍
သွေးချင်းသားချင်း၊ ညီကိုရင်းသို့
ပို့ဆောင်ပေးသူ၊ အားဝင်ကူ၏
ကူညီဝိုင်းဝန်း၊ ရိုင်းပင်းရှင်သန်
ဘေးရန်ကင်းစွာ၊ မြန်ချမ်းသာလိမ့်
သားချစ်မျိုးဆွေ၊ ရေရှည်တွေးမြော်
တပ်မတော်အား၊ ပြည်သူ့အားတည့်
စွမ်းအားမျှတ၊ ပါဝင်ကြလျက်
တွဲလက်ခိုင်မတ်၊ ညီညွတ်လတ်သည်
တပ်မတော်အင်အား ဒို့အားထား။
ပြည်သူ့အင်အား လက်ကိုင်ထား။
ညီညွတ်ခြင်းသည် ရတနာတစ်ပါး။
စည်းလုံးခြင်းသည် မင်္ဂလာတရား။ ။

(စိတ်နှလုံး ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်)

အရှင်နန္ဒက(မြင်းမူ) တရားပွဲများ

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်း သာကေတမြို့နယ် ရှုခင်းသာ (၆)ရပ်ကွက် အောင်သုခပရိယတ္တိစာသင်တိုက် စာချဓမ္မကထိက အရှင်နန္ဒက(မြင်းမူ) ဆရာတော်သည် မတ်၂၅ရက် လှည်းကူးမြို့နယ် ဇရပ်ကွင်းရွာ ဦးသန်းနိုင်-ဒေါ်အေးမြင့်တို့၏ အလှူမဏ္ဍပ်၊ ၂၆ရက်ည သာကေတမြို့နယ်(၆)ရပ်ကွက် သီလဝိသုဒ္ဓိဓမ္မာရုံ၊ ၂၉ရက်ည (၆)ရပ်ကွက် ရွှေပြည်သာလမ်းဓမ္မာရုံ၊ ၃၀ ရက်ည (၆)ရပ်ကွက် အောင်သုခလမ်းဓမ္မာရုံ၊ ဧပြီ၆ရက်ည၌ ဒေးဒရဲမြို့နယ် ညောင်ကုန်းရွာ ဦးသန်း-ဒေါ်သန်းလှတို့၏ အလှူမဏ္ဍပ်၌လည်းကောင်း၊ ဧပြီ၁၅ရက်ည၌ သာကေတမြို့နယ် (၁၄)ရပ်ကွက် ဓမ္မာရုံတို့တွင် တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။

(က-ပ)

သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့

ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် အဝလွန်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် အရိုးအဆစ်များ နာကျင်ယောင်ယမ်းခြင်းတို့ ဖြစ်ပွားတတ်ပါသည်။

လမ်းလျှောက်ခြင်းသည်

၁။ သွေးတိုးကျစေသည်။
၂။ နှလုံးရောဂါကိုကာကွယ်နိုင်သည်။
၃။ စိတ်ပျော်ရွှင်ကျန်းမာစေသည်။
၄။ အရိုးများကြံ့ခိုင်သန်စွမ်းစေသည်။
၅။ အဝမလွန်အောင်ထိန်းသိမ်းနိုင်သည်။
၆။ ကြွက်သားများသန်စွမ်းဖျတ်လတ်စေသည်။
၇။ သွေးအတွင်းမှအဆီကျစေသည်။
၈။ သွေးအတွင်းမှသကြားဓာတ်ကျစေသည်။
၉။ အသက်အရွယ်မရွေး/လူတန်းစားမရွေးဆောင်ရွက်နိုင်သည်။

ရောဂါဘယများကင်း၍ အသက်ရှည် ကျန်းမာကြစေရန် မိသားစုတစ်စုလုံး နေ့စဉ်နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မီး
သတိပြု

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်
အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို
ပဲခူးမြို့ တိုင်းပြည်သူ့အားကစားကွင်းတွင်
၂၆-၃-၂၀၀၆ရက်မှ စတင်ကျင်းပပါမည်။
နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ
အမှတ်(၁)စက်မှုဝန်ကြီးဌာန ထုတ်ကုန်ပစ္စည်းမျိုးစုံကို
ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချဖြန့်ဖြူးပေးသွားမည်ဖြစ်ပါသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန

စာမျက်နှာ ၃ ဆောင်းပါးမှ အဆက်

ဆူပူရေးသမားများကို အိမ်မပြန်ဘဲ နေ့ဆက်ရက်ဆက် ဆန္ဒပြခိုင်းသည်။ လွှတ်တော်အဆောက်အအုံ၊ အစိုးရရုံး၊ ဝန်ကြီးချုပ်၊ သမ္မတအိမ်၊ ရုံးတို့အတွင်း ဆန္ဒပြခိုင်းသည်။ မင်းမဲ့စရိုက်များဖြင့် အကြမ်းဖက်စေသည်။ ဤလုပ်ရပ်ကို ဒီမိုကရေစီရေး လှုပ်ရှားသည်ဟု နာမည်ပေးထားသည်။ ၎င်းတို့သြဇာခံများက ဗုံးခွဲ၊ တိုက်ခိုက်၊ လုယက်၊ မီးရှို့၊ သတ်ဖြတ်မှုများကို ၎င်းတို့၏ မီဒီယာများမှ ငြင်းပေးသည်။ ဖုံးကွယ်ပေးသည်။ ရုံဖန်ရံခါ ထိုလုပ်ရပ်ကို ဒီမိုကရေစီရေး ကြိုးပမ်းမှုဟုဆိုသည်။ အမေရိကန်ကို တိုက်ခိုက်လျှင်မူ တိုက်ခိုက်သည့်အကြောင်းရင်းခံ မည်သို့ရှိစေ၊ အကြမ်းဖက်တိုက်ခိုက်မှုဟု ကင်ပွန်းတပ်လိုက်တော့သည်။ အီရတ်ကျူးကျော်စစ်သုံးနှစ်ပြည့်နေ့က အမေရိကန်၊ ဗြိတိန်၊ ဥရောပနှင့် အာရပ်နိုင်ငံများတွင် ဆန္ဒပြပွဲများ ကျင်းပကာ အမေရိကန်၏ မမှန်ကန်သော အကြောင်းပြချက်များဖြင့် အီရတ်အား ကျူးကျော်မှုကို ဆန့်ကျင်ခဲ့ကြသည်။

အမေရိကန်နှင့် အပေါင်းပါများ၊ ၎င်းတို့၏ သြဇာခံ တပည့်လက်သား ပြည်ပြေးများ၊ ပြည်တွင်းပုဆိန်ရိုးများက နိုင်ငံအေးချမ်းမှု၊ ဖွံ့ဖြိုးမှုအဝဝကို ဖျက်လိုဖျက်ဆီးလုပ်နေကြသည့်တိုင် မြန်မာနိုင်ငံသည် အေးချမ်းသာယာလျက် ရှိသည်။ မြန်မာတို့အတွက် လူ့အခွင့်အရေး ရပိုင်ခွင့်ဟူသည် မွေးရာပါ အပြီးအပိုင်အပ်နှင်းထားသော ရရှိပြီးအခွင့်အရေး Vested Right ဖြစ်ပေသည်။ ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းကားပြီး ချစ်ကြည်စည်းလုံးသော၊ ယဉ်ကျေးသိမ်မွေ့သော မြန်မာတို့၏ ပင်ကိုစိတ်ရင်းအရ မြန်မာနိုင်ငံတွင် တိုင်းဆူပြည်ဖျက်ခွင့်မှအပ ကျန်လူ့အခွင့်အရေးများ အပြည့်အဝရနေသည်ကို မှတ်ကျောက်တင်ထားပြီး ဖြစ်ပေသည်။ တိုင်းဆူပြည်ဖျက်လုပ်ရပ်ဟူသမျှသည် လူ့အခွင့်အရေးမဟုတ်ကြောင်း အဓိပ္ပာယ်ဖွင့်ထားပြီးဖြစ်ပါကြောင်း...။ ။

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် မတ်လအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
(၂၆-၃-၂၀၀၆)ရက်နေ့
၂၀၀၆ခုနှစ် ဧပြီလအတွက်
(၉-၄-၂၀၀၆)ရက်နေ့ နှင့် (၂၃-၄-၂၀၀၆)ရက်နေ့

ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

■ **ရှေ့ဖုံးမှ**

၂။ ဤဥပဒေသည် ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွက်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ထ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ထ) **အခြေပစ္စည်း** ဆိုသည်မှာ မြေ၊ အဆောက်အအုံ၊ ယာဉ်နှင့် လုပ်ငန်းဆိုင်ရာ မတည်ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် အစုရှယ်ယာနှင့် ကတိဝန်ခံချုပ်တို့အပြင် ယင်းတို့ကဲ့သို့သော အလားတူစာချုပ်စာတမ်းများလည်း ပါဝင်သည်။"

၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၄။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်–

(က) အမိန့်ကြော်ငြာစာထုတ်ပြန်၍ အောက်ပါဝင်ငွေနှင့် ဝင်ငွေခွန်နှုန်းများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့်ဖြည့်စွက်ခြင်းတို့ပြုနိုင်သည်–

(၁) ဝင်ငွေခွန် စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ၊

(၂) ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်းများ၊

(၃) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိမှုအပေါ် စည်းကြပ်ထိုက်သည့် ဝင်ငွေနှင့် ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်း။

(ခ) ပုဒ်မခွဲ (က) အရ အမိန့်ကြော်ငြာစာထုတ်ပြန်ရာတွင်–

(၁) စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက် သို့မဟုတ် စည်းကြပ်နှစ်ကို သတ်မှတ်ပေးရမည်။

(၂) အဆိုပါ စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက် သို့မဟုတ် စည်းကြပ်နှစ်နှင့် သက်ဆိုင်သည့် ဝင်ငွေနှစ်အတွင်းရရှိသော စည်းကြပ်ထိုက်သည့် စုစုပေါင်း ဝင်ငွေရရှိသူ အားလုံးအား ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် သတ်မှတ်သည့်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်စေရမည်။

၅။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၆။ (က) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အောက်ပါခွင့်ပြုငွေတို့ကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ပြုနိုင်သည်–

(၁) ပုဂ္ဂိုလ်စုအတွက် အခြေခံခွင့်ပြုငွေ၊

(၂) တစ်ဦးချင်းပုဂ္ဂိုလ်အတွက် အခြေခံခွင့်ပြုငွေနှင့် အခွန်ထမ်း၏ အိမ်ထောင်ဖက်နှင့် သားသမီးများအတွက် ခွင့်ပြုငွေ။

(ခ) ပုဒ်မခွဲ(က)အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရာတွင် စတင်အကျိုးသက်ရောက် စေရမည့် နေ့ရက် သို့မဟုတ် စည်းကြပ်နှစ်ကို သတ်မှတ်ပေးရမည်။

(ဂ) စုစုပေါင်းဝင်ငွေမှ အောက်ပါတို့ကို နုတ်ပယ်၍ကျန်ငွေအပေါ်တွင် အခွန်တွက်ချက်ပြီး စည်းကြပ်ရမည်–

(၁) ပုဂ္ဂိုလ်စုအတွက်ဖြစ်လျှင် အခြေခံခွင့်ပြုငွေ၊

(၂) တစ်ဦးချင်းပုဂ္ဂိုလ်အတွက်ဖြစ်လျှင်–

(ကက) အခြေခံခွင့်ပြုငွေ

(ခခ) အခွန်ထမ်း၏ အိမ်ထောင်ဖက်နှင့် သားသမီးများ အတွက် ခွင့်ပြုငွေ၊

(ဂဂ) အခွန်ထမ်း သို့မဟုတ် အိမ်ထောင်ဖက်၏ အသက်အာမခံအတွက် ပေးရသော ပရီမီယံ၊

(ဃဃ) နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့် ငွေစုဆောင်းခြင်းအတွက် ထည့်ဝင်ငွေ။

ခြွင်းချက်။ ပုဒ်မခွဲ(က)နှင့်(ဂ)တို့သည် ပုဒ်မ ၁၃ အရ အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် တွက်ချက်ခြင်းနှင့်သော်လည်းကောင်း၊ ပုဒ်မ ၂၆ ပါ ပြည်ပနေနိုင်ငံခြားသား နှင့်သော်လည်းကောင်း သက်ဆိုင်ခြင်း မရှိစေရ။

(ဃ) ပုဒ်မခွဲ(ဂ)အရ တွက်ချက်ပြီး စည်းကြပ်ရာတွင် နိုင်ငံတော်အဖွဲ့အစည်း အဆင့်ဆင့်က ကမကထပြုသော သို့မဟုတ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အသိအမှတ်ပြုသော ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်း တစ်ခုခုသို့ဖြစ်စေ၊ ယင်းကိစ္စများနှင့် သက်ဆိုင်သည့် ရန်ပုံငွေ တစ်ရပ်ရပ်သို့ဖြစ်စေ လှူဒါန်းထည့်ဝင်ငွေကိုလည်း နုတ်ပယ်ရမည်။ ယင်းသို့လှူဒါန်းထည့်ဝင်ငွေသည် အခွန်ထမ်း၏ စုစုပေါင်းဝင်ငွေ၏ နှစ်ဆယ့်ငါးရာခိုင်နှုန်းနှင့် ညီမျှသောငွေထက် မပိုစေရ။

ရှင်းလင်းချက်။ ပုဒ်မခွဲ(ဃ)ပါ ကုသိုလ်ရေးဆိုရာတွင် ပညာရေး၊ ကျန်းမာရေးနှင့် ဆင်းရဲနွမ်းပါးသူများအား ကယ်ဆယ်စောင့်ရှောက်ရေးစသည့် အများပြည်သူအကျိုးအတွက် ထောက်ပံ့ပေးကမ်းခြင်းများပါဝင်သည်"။

၆။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)၏ နောက်တွင် အောက်ဖော်ပြပါရှင်းလင်းချက်ကို ဖြည့်စွက်ရမည်–

ရှင်းလင်းချက်။ ဤပုဒ်မခွဲ(က)ပါ လိမ်လည်လိုသော ရည်ရွယ်ချက်ဆိုသည့် စကားရပ်တွင် အောက်ပါတို့လည်း ပါဝင်သည်–

(၁) စည်းကြပ်ထိုက်သည့် ဝင်ငွေရရှိသည်ကို သိရှိပါလျက် ထိုဝင်ငွေနှင့် စပ်လျဉ်း၍ ဝင်ငွေကြေညာလွှာ တင်သွင်းရန် ပျက်ကွက်ခြင်း၊

(၂) ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံးများက ဝင်ငွေကြေညာလွှာ၊ အရှုံးအမြတ်စာရင်း အပါအဝင် စာရင်းဇယားများ၊ စာရွက်စာတမ်းအထောက်အထားများကို စာဖြင့်တောင်းခံသည့်အခါ ယင်းသို့ တောင်းခံစာတွင် သတ်မှတ်ထားသည့် အချိန်အတွင်းဖြစ်စေ၊ တိုးမြှင့်ပေးထားသည့် အချိန်အတွင်းဖြစ်စေ ပေးပို့ရန်ပျက်ကွက်ခြင်း သို့မဟုတ် မမှန်ကန်သော စာရင်းများ၊ စာချုပ်စာတမ်းနှင့် အခြားစာရွက်စာတမ်းများကို တင်ပြခြင်း။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

* **ရှေ့ဖုံးမှ**

၂။ ဤဥပဒေသည် ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွက်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်းအစားထိုးရမည်–

"၆။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်–

(က) အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤဥပဒေ၏နောက်ဆက်တွဲဇယားပါ ဖော်ပြချက်များကိုဖြစ်စေ၊ အခွန်နှုန်းများကိုဖြစ်စေ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အမိန့်ကြော်ငြာစာထုတ်ပြန်ရာတွင် စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက်ကိုဖြစ်စေ၊ ဘဏ္ဍာရေးနှစ်ကိုဖြစ်စေ၊ စည်းကြပ်နှစ်ကိုဖြစ်စေ သတ်မှတ်ပေးရမည်။"

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၇ ကို အောက်ပါအတိုင်းအစားထိုးရမည်–

"၂၇။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍–

(က) ဤဥပဒေ၏နောက်ဆက်တွဲဇယား ၁ မှ ဇယား၆အထိတွင် ပါရှိသော ကုန်စည်တစ်မျိုးမျိုးကို နိုင်ငံတော်အတွင်းထုတ်လုပ်ပြီး ရောင်းချခြင်းနှင့် ဇယား၇တွင်ပါရှိသော ဝန်ဆောင်မှု တစ်ရပ်ရပ်ဆောင်ရွက်ခြင်းတို့အတွက် နိုင်ငံခြားငွေ ရရှိလျှင် ယင်းနိုင်ငံခြားငွေအပေါ် ကျသင့်စေရမည့်အခွန်နှုန်းကို သတ်မှတ်နိုင်သည်။

(ခ) နယ်စပ်ကုန်သွယ်မှုတွင် ပြည်ပမှတင်သွင်းသည့်ကုန်စည်များ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် သွင်းကုန်တင်သွင်းစဉ်က ကျပ်ငွေဖြင့်ပေးချေခဲ့လျှင် ကျပ်ငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်ပေးချေခဲ့လျှင် ယင်းနိုင်ငံခြားငွေဖြင့်လည်းကောင်း ကျသင့်စေရမည့်အခွန်နှုန်းကို သတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က)နှင့်(ခ)တို့အရ အမိန့်ကြော်ငြာစာထုတ်ပြန်ရာတွင် စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက်ကိုဖြစ်စေ၊ ဘဏ္ဍာရေးနှစ်ကိုဖြစ်စေ၊ စည်းကြပ်နှစ်ကိုဖြစ်စေ သတ်မှတ် ပေးရမည်။"

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများကောင်စီညီလာခံမှ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း ပြန်လည်ရောက်ရှိ

ရန်ကုန် မတ် ၂၄

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း ခေါင်းဆောင်၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့် အဖွဲ့ဝင်အဖြစ်ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ၌ မတ် ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် (၄၁)ကြိမ်မြောက် အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများကောင်စီ ညီလာခံသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက် ၁၁ နာရီမိနစ် ၄၀တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မိသားစုများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်းတွင် သမီးငယ် မအိမြတ်နိုးခင် (၁၁)နှစ်အား ရည်စူး၍ အမှတ် ခ/၂၇ သစ်တော ဦးစီးရုံးချုပ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနေ ဦးဝင်းမြင့်–ဒေါ်ခင်သက်ဝေ၊ သားမောင်မျိုးဇာနည်မြင့်၊ ကြီးကြီး ဒေါ်ခင်ယုဝေတို့က ကျောင်းဖြစ်မြောက်ရေးအတွက် အက်ဖ်အီးစီ ၁၁၀ ကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၅–၃–၂၀၀၆ ရက်
(စနေနေ့) နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	အကပြိုင်ပွဲ
၈း၀၅	၆။	ကျောက်ကြီးပေါက်တံတား
၈း၁၀	၇။	အဆိုပြိုင်ပွဲ
၈း၂၀	၈။	(၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀	၉။	International News
၈း၄၅	၁၀။	Grammar made Easy

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၅	၂။	(၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၁း၃၀	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀	၄။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃း၃၀	၅။	နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ "Doraemon"
၁၃း၄၅	၆။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၃း၅၅	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၀၅	၈။	(၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၄း၁၅	၉။	အတီးပြိုင်ပွဲ
၁၄း၃၀	၁၀။	**"အနှစ်ရာယ်ဆိုတာ လက်တကမ်းမှာ"** စိုးသူ၊ နန်းကလျာလှိုင်၊ ကျော်မင်းနောင်၊ ကောင်းစျာန်သစ်၊ ယင်းမာ (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၁၄း၄၀	၁၁။	အကပြိုင်ပွဲ
၁၄း၄၅	၁၂။	International News.

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၆)ခုနှစ်
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာတတိယနှစ် (သင်္ချာအထူးပြု)(သင်္ချာ)
၁၆း၅၅	၅။	တေးဂီတအစီအစဉ်
၁၇း၀၅	၆။	ပြည်တွင်းဆီအုန်းစပ်မျိုး အောင်မြင်ထားဝယ်ဒေသတစ်ခွင်
၁၇း၂၀	၇။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၇း၄၅	၈။	(၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၈း၀၀	၉။	ညနေခင်းသတင်း
၁၈း၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၁။	Discovery
၁၈း၅၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ကံကောင်းခြင်းအိပ်မက်"** (အပိုင်း–၁)
၁၉း၄၅	၁၃။	ပြည်သူ့အတွက်တပ်မတော် "စက်မှု၊ သားငါး၊ သတ္တုသစ်တော"
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	ရုပ်မြင်သံကြားဇာတ်လမ်း **"သားကောင်းမိခင်"** (အပိုင်း–၃) လွင်မိုး၊ ဇင်ဝိုင်း၊ နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်း(Examplez)၊ စိုးမြတ်သူဇာ၊ မေသဉ္ဇာဦး၊ ပန်းဖြူ၊ သက်မွန်မြင့်၊ ပုလဲဝင်း (ဒါရိုက်တာ–ပန်းချီစိုးမိုး)
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"** (အပိုင်း–၃၃)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ မန္တလေးတိုင်း အမျိုးသမီးရေးရာလုပ်ငန်းများ ကြည့်ရှု

ရန်ကုန် မတ် ၂၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့သည် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များလိုက်ပါလျက် မတ် ၁၉ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ဖွင့်လှစ်ထားသည့် နွေရာသီသင်တန်းများဖြစ်သော ပန်းအလှပြင်သင်တန်း **(အပေါ်ပုံ)**၊ သစ်သီးပုံဖော်သင်တန်း၊ တိုင်းရင်းသားရိုးရာအစားအစာဖြစ်သော ငါးထမင်းနယ်၊ ထမင်းဝါပြုပြင်ခြင်း၊ ချက်ပြုတ်ခြင်းတို့ကို သွားရောက်ကြည့်ရှုကြသည်။

သင်တန်းများကြည့်ရှု

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌသည် ချမ်းမြသာစည်မြို့နယ်ရှိ နားမကြားသော ကလေးများကျောင်းသို့သွားရောက်၍ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ ငွေကျပ်ငါးသိန်းကို လှူဒါန်းပြီး ကျောင်းသား ကျောင်းသူများ၏ ကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်းနှင့် ဇာထိုး၊ ပန်းထိုးသင်တန်းများကို ကြည့်ရှုသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌသည် တိုင်းအမျိုးသမီးရေးရာအဖွဲ့က ဖွင့်လှစ်ထားသော ဖိနပ်ရွှေချည်ထိုးလုပ်ငန်း၊ မီးပုံးလုပ်ငန်းနှင့် ဖုံသုတ်တံလုပ်ငန်းများကို လိုက်လံကြည့်ရှုပြီး သင်တန်းသူများအား အားပေးစကားပြောကြားသည်။ **(သတင်းစဉ်)**

❒ ကျောဖုံးမှ

ရှင်းလင်းတင်ပြချက်များ အပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒေသခံပြည်သူများ ခရီးသွားလာရေး၊ ငဝန်မြစ်အနောက်ဘက်ခြမ်း ဖွံ့ဖြိုးရေးအတွက် ကုန်စည်စီးဆင်းမှု မှန်ကန်ရေးနှင့် ရာသီမရွေး သွားလာနိုင်ရေးတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်က စဉ်ဆက်မပြတ် ကြည့်ရှုထိန်းသိမ်းရေးတို့နှင့် စပ်လျဉ်း၍ မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ မိုင်တိုင်အမှတ်၂၈/၃ မိုင်ရှိ အရှည် ၁၉၄ ပေ၊ အကျယ် ၁၆ ပေနှင့် ခံနိုင်ဝန် ရှစ်တန်ရှိသော ကွင်းချောင်းတံတား၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များသည် ငပုတောမြို့နယ် ငရုတ်ကောင်းတောင်ကျေးရွာသို့ရောက်ရှိကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ဒေသပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ငရုတ်ကောင်းမြို့ ပြည်သူ့ဆေးရုံကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ငရုတ်ကောင်းမြို့ ရဲစခန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ငရုတ်ကောင်းမြို့အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ကျောင်းသား ကျောင်းသူများ၏ ပညာရည်မြင့်မားရေး၊ အောင်ချက်မြင့်မားရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူးတို့သည် ငရုတ်ကောင်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိကြပြီး ရုံးဝင်းအတွင်း၌ ခြံစည်းရိုးကြက်ဆူပင်ကို အမှတ်တရစိုက်ပျိုးပေးကြပြီး ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှုကို ကြည့်ရှုအားပေးကြသည်။

ရပ်မိရပ်ဖများအားတွေ့ဆုံ

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ငရုတ်ကောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ငရုတ်ကောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးကျော်သူက မြို့ပြဆိုင်ရာအချက်အလက်များ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အမယ်သစ် သီးနှံ ငရုတ်ကောင်း ၃၀၇ဧကေ၊ သီဟိုဠ် ၉၆၆၈ဧက၊ အုန်း၂၁၃၈ ဧကနှင့် ခြံစည်းရိုးကြက်ဆူပင် ၂၄၀၈၈ပင် စိုက်ပျိုးပြီးစီးမှု၊ မျိုးစေ့ ၁၃၄၀၂နှင့် မျိုးကိုင်း ၁၅၉၅၂၈ ကိုင်းပျိုးထောင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်နှင့် တာဝန်ရှိသူများ၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ညှိနှိုင်းဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ငရုတ်ကောင်းမြို့ကို ကျေးရွာအဆင့်မှ မြို့အဆင့်သို့ သတ်မှတ်ပေးထားပြီး လမ်းပန်းဆက်သွယ်ရေး ချောမွေ့စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံများ အနေဖြင့်လည်း ကိုယ့်အားကိုယ်ကိုးပြီး လမ်းတံတားများကို ဆောင်ရွက်နေသည်ကို တွေ့ရ၍ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နိုင်ငံတော်က ချမှတ်ပေးထားသည့် စီမံကိန်းများကို တာဝန်ရှိသူအဆင့်ဆင့်က ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် ဒေသခံပြည်သူများ အနေဖြင့်လည်း နိုင်ငံတော်၏ စေတနာကို တုံ့ပြန်သောအားဖြင့် နိုင်ငံတော်က ချမှတ်ပေးထားသော အဓိကသီးနှံ ၁၀ မျိုးအနက် ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို စီမံကိန်းလျာထားချက်ပြည့်မီကျော် လွန်အောင် ကြိုးပမ်းစိုက်ပျိုးကြ ရန်လိုကြောင်း၊ ငရုတ်ကောင်းမြို့နာမည်နှင့်အညီ အမယ်သစ် သီးနှံဖြစ်သည့် ငရုတ်ကောင်းကိုလည်း အများဆုံး စိုက်ပျိုးနိုင်ရန် တိုက်တွန်းလိုကြောင်း၊ လောင်စာဆီ အစက်အခဲကို အထောက်အကူပြုနိုင်သည့် ဇီဝဒီဇယ်ဆီ ထုတ်ယူအသုံးပြုနိုင်သော ခြံ စည်းရိုးကြက်ဆူပင်ကိုလည်း အိမ်တိုင်း၊ အိမ်တိုင်း စိုက်ပျိုးကြရန်လိုကြောင်း၊ ခြံစည်းရိုး ကြက်ဆူပင်မှာ လွယ်လွယ်ကူကူစိုက်ပျိုးနိုင်ပြီး မိမိအိမ်၌ပင် ဆီကြိတ်သုံးစွဲနိုင်ပြီး ကြိတ်ဖတ်မှ ကွန်ပေါင်းဓာတ်မြေဩဇာပါ ရရှိနိုင်၍ နိုင်ငံတော်အတွက် သာမက တောင်သူများအတွက်ပါ အကျိုးရှိကြောင်း၊ မိမိတို့ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ငရုတ်ကောင်းမြို့၌ ညအိပ်ရပ်နားသည်။ **(သတင်းစဉ်)**

ပုံနှိပ်ထုတ်ဝေအသင်း နှစ်စဉ်မဂ္ဂဇင်းထုတ်ဝေမည်

ရန်ကုန် မတ် ၂၄

မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MPPA) က နှစ်စဉ်ထုတ်ဝေလျက်ရှိသော သတင်းစာလွှာမဂ္ဂဇင်းကို ၂၀၀၆ခုနှစ်အတွက် အမှတ်(၆)အဖြစ် ထုတ်ဝေရန်စီစဉ် ဆောင်ရွက်လျက်ရှိသည်။ ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ ဝတ္ထုတို/ရှည်၊ ဘာသာပြန်စာမူများကို နှစ်စဉ်ပါဝင်ရေးသားနေသော စာရေးဆရာ ကြီးများအပြင် အခြားပညာရှင်များထံမှလည်း စာမူများကို ဖိတ်ခေါ်ထားကြောင်းနှင့် ကြော်ငြာရှင်လုပ်ငန်းရှင်များကလည်း ကြော်ငြာများ ပါဝင်ဖော်ပြခြင်းဖြင့် အားပေးကူညီကြပါရန် စာလွှာကော်မတီက နှိုးဆော်ထားသည်။ စာမူများနှင့် ကြော်ငြာများကို အမှတ်၁၅၂(မြေညီ) ၃၇လမ်း(လယ်) ကျောက်တံတား၊ ရန်ကုန်မြို့ ဖုန်း- ၂၅၂၆၃၈သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

(၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

၂၆-၃-၂၀၀၆ မှ ၄-၄-၂၀၀၆

(မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်)

မလေးရှား နိုင်ငံခြားရေးဝန်ကြီး ပြန်လည်ထွက်ခွာ

ရန်ကုန် မတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့၌ ရောက်ရှိနေသော မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dato' Seri Syed Hamid Albar ဦးဆောင်သည့် မလေးရှားကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄နာရီ မိနစ် ၄၀တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

ဧည့်သည်တော် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး မစ္စတာမိုဟာမက်ဆွမ်နှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၃-၂၀၀၆(စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	မေးကြည့် ဖြေကြည့် ပဟေဠိ
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	စားချင်စဖွယ်မုန့်လုပ်နည်းအသွယ်သွယ်
၇း၄၀	ပြည်တွင်းသတင်းအကျဉ်း
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	အန္တရာယ်ကင်းသော မိခင်ဘဝ
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	သဘာဝအစွမ်းသတ္တိ မြန်မာ့စိမ်းပြာရေညှိ
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	အသုံးပြုစရာကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့
၉း၀၅	မိုးလေဝသခန့်မှန်းချက်
၉း၁၀	MoviesTalk-1(Titanic)
၁၀း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	(၅၂)ကြိမ်မြောက်ဆရာဝန်အသင်းညီလာခံ ဆေးနှင့် ဆေးပစ္စည်းပြပွဲ
၁၀း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	ဆီးသီး၏အသုံးဝင်မှုများ
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	မြန်မာ-ဂျပန်ရိုးရာလက်ဖွဲ့ပွဲ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၅း၃၀	ပရီမီယာလိဂ်ပွဲကြိုသုံးသပ်ချက် (ကျောက်ဘီလူး ဦးတင်မောင်ဆွေ၊ ဦးနေမျိုးသူရ၊ ဦးပြည့်ဖြိုးဟန်)	5-Sports
၆း၃၀	EPL ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၇း၁၀	Liverpool-Everton	5-Sports(Live)
၉း၂၅	Sunderland-Blackburn	5-Movies(Live)
	Astonvilla-Fulham	5-Sports(Live)
၁၁း၄၀	Portsmouth-Arsenal	5-Sports(Live)

Series-A ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၂း၀၀	Juventus-Roma	5-Sports (Live)

ဗမ္မာ့လုံးချမ်းသာစေတီ ဘက်စုံမွမ်းမံ

ရန်ကုန် မတ် ၂၄

ရန်ကုန်မြို့ ဒဂုံပရိယတ္တိစာသင်တိုက်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒ(နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)ဆရာတော်ကြီးမှူး၍ ဧရာဝတီတိုင်း ဓနုဖြူမြို့ ဆကာကြီးတိုက်နယ် အရှေ့ဘက်ကမ်းတွင် တည်ထားကိုးကွယ်လျက်ရှိသော ဗမ္မာ့လုံးချမ်းသာ ရေးဟောင်းစေတီတော်ကြီးကို ဘက်စုံမွမ်းမံပြုပြင်လျက်ရှိသည်။ပါဝင်လှူဒါန်းလိုသူ စေတနာရှင်များ အိမ်တော်ရာစေတီဂေါပက ဖုန်း-၀၁၃-၈၃၇၉၄၊ ဆကာကြီး တိုက်နယ် ဂုဏ်မင်းကျောင်းနှင့် ဦးဝင်းမြင့်(ဆကာကြီး) ဖုန်း-၀၄၄-၇၀၀၄၉ တို့သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့ကူးစက်နိုင်သောရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ(၁၄)နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသ နိုင်ငံ(၃၀) စုစုပေါင်း (၄၄)နိုင်ငံတွင် ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လူသို့ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၉၆ဦး အသက်ဆုံးရှုံးစေခဲ့သည်။

၂။ မြန်မာနိုင်ငံ၏အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန် မြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုအချို့ ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံကျော်ဖြတ်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုသည် သဘာဝတောရိုင်းငှက်များမှ တစ်ဆင့် ဖြစ်နိုင်သကဲ့သို့ တရားမဝင် မျိုးကြက်ဥ၊ ကြက်သားပေါက်များ တင်သွင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးထားသော ကြက်များတွင် အခြားရောဂါဖြင့် သေဆုံးမှုဖြစ်ပွားပါက ရောဂါစစ်ဆေးအတည်ပြုမှုကို ရှုပ်ထွေးစေပါသည်။

၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အဆိုပါ မြို့နယ်လေးမြို့နယ်တွင် တားမြစ်ဇရိယာသတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများပိတ်ခြင်းနှင့် ကြက်ဘဲမွေးမြူရေးခြံများ စစ်ဆေးခြင်းများကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။

၄။ ကြက်များတွင် ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ

(က) ကြက်ငှက်များ ရုတ်တရက်သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့်နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက်အပြောက်များပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ် သေဆုံးနိုင်ခြင်း။

စင်ကာပူ၊မလေးရှားနှင့် ထိုင်းနိုင်ငံများသို့ တစ်လကြာ သာသနာပြုခရီး ကြွရောက်မည့် ကမ္ဘာ့ သာသနာပြုတောင်ပုလုကျောက်ဆင်တောရ ပဓာနနာယကဆရာတော် အား မတ် ၁၈ ရက်က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဖူးတွေ့ရစဉ်။

(က-ပ)

၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင် ကြားသိခြင်း နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း (သို့မဟုတ်) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှု ဖြစ်ပွားပါက ဈေးကွက်အတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူး ရောင်းချခြင်း(လုံးဝ) မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှု မရှိအောင်ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှု မပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက်အတူထားရှိမွေးမြူမှု မပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးငယ်များအား ဝင်ရောက်မှု မပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်းဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲဈေးဒိုင်သို့ သွားရောက်မှုမပြုရန်နှင့် သွားမိပါက အဝတ်အစား နှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံတွင်းဝင်ရောက်ရန်။
(ဈ) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲ အသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ် စားသောက်ရန်။

၆။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင် ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်း ကူညီ လိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်

ဗဟိုအဆင့်ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့် ကွန်ပျူတာအသုံးချမှု စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများ စာရင်းထုတ်ပြန်

ရန်ကုန် မတ် ၂၄

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် ကွန်ပျူတာအသုံးချမှု စွမ်းရည်ပြိုင်ပွဲကို ယမန်နေ့နံနက်၉နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်၌ကျင်းပရာ ပြည်နယ်နှင့်တိုင်းများမှ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၁၇ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲ

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့် ကွန်ပျူတာအသုံးချမှု စွမ်းရည်ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများစာရင်းကို ယမန်နေ့က ထုတ်ပြန်ရာ ဗဟိုအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ အခြေခံပညာအထက်တန်းအဆင့်တွင် မောင်ကောင်းမြတ်ထူး (အ၌မတန်း အထက(၂) စစ်တွေမြို့ ရခိုင်ပြည်နယ်)က ပထမ၊ မအေးဖြူငြိမ်း (န၀မတန်း အထက(၁၆) မန္တလေးမြို့ မန္တလေး တိုင်း)က ဒုတိယနှင့် မောင်နိုင်အုပ်ကျော် (အ၌မတန်း အထက(၂) ကမာရွတ်မြို့နယ် ရန်ကုန်တိုင်း)က တတိယ အသီးသီး ရရှိကြပြီး အခြေခံပညာ အလယ်တန်းအဆင့်တွင် မောင်ဖြိုးဟိန်းသွင် (ဆ၌မတန်း အထက(၁၆) မန္တလေးမြို့ မန္တလေးတိုင်း)က ပထမ၊ မောင်ကျော်ထက်နောင် (သတ္တမတန်း အလက(၁) ဒဂုံမြို့နယ် ရန်ကုန်တိုင်း)က ဒုတိယ၊ မအိမွန်ကျော်(သတ္တမတန်း အထက (၃) ပဲခူးမြို့ ပဲခူးတိုင်းအရှေ့)က တတိယအသီးသီးရရှိကြသည်။

ကွန်ပျူတာအသုံးချမှုစွမ်းရည်ပြိုင်

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် ကွန်ပျူတာအသုံးချမှုစွမ်းရည်ပြိုင်ပွဲ အခြေခံပညာအထက်တန်းအဆင့်တွင် မောင်ဟိန်းပိုင်ထူးချစ် (န၀မတန်း အထက(၉) မောင်လမြိုင်မြို့ မွန်ပြည်နယ်)က ပထမ၊ စောနေခေးမယာ (အ၌မတန်း အထက(၁) ဘားအံမြို့ ကရင်ပြည်နယ်)က ဒုတိယ၊ မစုမြတ်ဇော်(အ၌မတန်း အထက(၃) ပဲခူးမြို့ ပဲခူးတိုင်းအရှေ့)က တတိယ အသီးသီးရရှိကြသည်။ **(သတင်းစဉ်)**

သဃ်န်းကျွန်းမြို့နယ် ရန်အောင်ရပ်ကွက်နှင့် ဗိုလ်ကဲညွန့်ရပ်ကွက် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်း ဖွင့်ပွဲ အခမ်းအနား မတ် ၁၉ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ခိုင်နှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

စလေမြို့နယ်အသင်း ဂုဏပူဇာသဘင်

ရန်ကုန် မတ် ၂၄

နိုင်ငံတော်အစိုးရက အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၆)ဖြင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ရရှိတော်မူသော တောင်ဥက္ကလာပမြို့နယ်(၅)ဝိုင်း စလေသီဂီကျောင်း ဆရာတော်ဘဒ္ဒန္တစန္ဒိမာနှင့် စလေမြို့ ကံယာတောရကျောင်း ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓအရှင်မြတ်နှစ်ပါးတို့အား စလေမြို့နယ်အသင်း(ရန်ကုန်)မှ ဦးစီး၍ ရန်ကုန်ရောက် ဒါယကာ၊ ဒါယိကာမများနှင့်တပည့်အပေါင်းတို့က ဂုဏပူဇာသဘင် ဆင်ယင်ကျင်းပပြီး ဆရာတော် ၁၆ပါးတို့အား လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းပူဇော်မည်ဖြစ်သည်။ မတ် ၂၆ ရက်(တနင်္ဂနွေနေ့) ညနေ၃နာရီတွင် စလေသီဂီ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (၅)ဝိုင်း ကန်ဦးကျောင်းတိုက် တောင်ဥက္ကလာပမြို့နယ်သို့ ကြွရောက် ပူဇော်နိုင်၍ ဖုန်း-၆၈၃၀၈၈ လိုင်းခွဲ ၄၅၉၊ ၆၆၁၂၂၀၊ ၅၇၉၉၀၃ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၉၂)**

မရမ်းကုန်း အောင်မေတ္တာ ကွန်ကရစ်လမ်းဖွင့်

ရန်ကုန် မတ် ၂၄

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ ငွေကျပ်သိန်း၁၃၀ကျော် အကုန်ကျခံ၍ အရှည်ပေ ၁၃၅၀ကျော်ရှိ အောင်မေတ္တာ ကွန်ကရစ်လမ်းမကြီး ကိုယ့်အား ကိုယ်ကိုးလမ်း ဖွင့်လှစ်ပွဲ အခမ်းအနားကို အဆိုပါလမ်းမကြီးတွင် မတ် ၁၉ ရက် နံနက် ၇နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်းတွဲဖက်အတွင်းရေးမှူး ဦးသာဝင်း၊မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင်အုန်း၊ လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ) (မြန်မာ့အလင်း)**

လယ်တီဝိပဿနာ သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် မတ် ၂၄

လယ်တီဝိပဿနာ တရားစခန်းပွဲကို သန်လျင်မြို့နယ် ပျဉ်ထောင်ကျောင်းကျေးရွာ ဓမ္မသုခကျောင်း၌ ဧပြီ ၁၃ရက်မှ ဧပြီ ၁၉ရက်(နှစ်ဆန်း ၃ ရက်)အထိဖွင့်လှစ်မည်ဖြစ်သည်။

လယ်တီဝိပဿနာ တရားစခန်းပွဲတွင် ကျိုက္ကစံဘုရားအရှေ့ သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းမှ ကမ္မဋ္ဌာနာစရိယ အရှင် ဓမ္မာလောက ဆရာတော်က လယ်တီမူ ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ဟောပြောပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ဒုလ္လဘရဟန်း၊ သီလရှင် ယောဂီများသည်ဧပြီ၁ရက်နောက်ဆုံးထား၍ ဖုန်း-၀၅၆-၂၁၂၈၆ နှင့် ၀၁-၅၆၀၇၁၀ တို့သို့ ဆက်သွယ်စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပုသိမ်အသင်း(ရန်ကုန်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ပူဇော်မည်

ရန်ကုန် မတ် ၂၄

ပုသိမ်အသင်း(ရန်ကုန်)က ကြီးမှူး၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဉာဏာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိသုတဆရာတော်ကြီးနှစ်ပါး အပါအဝင် ၂၀၀၆ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ပုသိမ်ခရိုင်အတွင်းမှ ဆရာတော်ကြီးများဖြစ်ကြသော အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ နာဂဝံသ (ပုသိမ်မြို့)၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သီရိန္ဒရ(ပုသိမ်မြို့)၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏဘာသ (ကျုံပျော်မြို့)၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဉာဏိန္ဒ(ပုသိမ်မြို့)၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝါသဝ (ကျုံပျော်မြို့)၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာစက္က(ကျုံပျော်မြို့)၊ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ပညာစက္က(သာပေါင်းမြို့) စုစုပေါင်း ဆရာတော်ကြီး ကိုးပါးနှင့် သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးဟန်လင်း (ဥက္ကဋ္ဌ ပုသိမ်အသင်း၊ ရန်ကုန်)၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းထွန်း (နာယက)၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင် (အသင်းဝင်)တို့အား ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၂ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် အမှတ် (၂၁/၄၃)စီ၊ ကြားတောရလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ ရေဝတီတိုင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ပုသိမ်အသင်း (ရန်ကုန်)အသင်းဝင်များ၊ ပုသိမ်ခရိုင်သူ ခရိုင်သားများ၊ ဓမ္မမိတ်ဆွေများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညို ကုသိုလ်ယူကြပါရန် ဖိတ်ကြားထားကြောင်းနှင့် လှူဒါန်းလိုပါက ဥက္ကဋ္ဌဦးစိုးဟန်လင်း ဖုန်း-၂၉၀၄၇၇၊ အတွင်းရေးမှူး ဦးကျော် ကျော်ဝင်း ဖုန်း-၀၉ ၅၀၀ ၆၁၂၈၊ ၂၄၃၇၇၉၊ ဘဏ္ဍာရေးမှူးဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ ၇၀၁၄၇၃၊ ပုသိမ်အသင်း (ရန်ကုန်) ဖုန်း-၃၇၉၂၅၈နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရတနာဇာတ်ကားသစ် သုံးရုံ တစ်ပြိုင်တည်းဝင် ဆင္ဒဂံဇာတ်ကား ရွှေ့ဆောင်ရုံ၌ ဆက်လက်ပြသလျက်ရှိ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် မတ် ၂၄

ယခုအပတ် ရုပ်ရှင်ကဏ္ဍတွင် ပခုက္ကူဦးအုံးဖေစာပေဆုရ စာရေးဆရာ မင်းတင်ထွဏ်း၏ ဝတ္ထုကို ဇာတ်ညွှန်းနှင့် ဒါရိုက်တာအိအိခိုင် ရိုက်ကူးသည့် **ရတနာ**ဇာတ်ကားသစ် သမ္မတ၊ သွင်၊ မင်္ဂလာနှင့် မန္တလေးမြို့ ဝင်းလိုက်၊ မြို့မရုံများတွင် တစ်ပြိုင်တည်းရုံဝင်လာသည်။

ဤဇာတ်ကားတွင် ကျော်သူ၊ ထွန်းအိန္ဒြာဗို၊ မေသန်းနု၊ ဇာဂနာ၊ ဖိုးသောကြာနှင့် ပုလဲဝင်းတို့ပါဝင်ရိုက်ကူးထားကြသည်။

ဒေါ်အိုစာသည် ကလေးဘဝကပင် မိထွေး၏ ငြူစူမှု၊ မိထွေးနှင့်ပါလာသော သမီးများ၏ အနိုင်ကျင့်မှုများကို မခံနိုင်သည့်အဆုံး ပြန်လှန်ကာကွယ်ရင်း စရိုက်ကြမ်းလာခဲ့ရသည်။ အိုစာ အရွယ်ရောက်လာချိန်တွင် ရွာ၌ ကျရောက်လာသော ကျောက်ရောဂါဆိုးကြောင့် ရုပ်ဆိုးအကျည်းတန်ခဲ့ရ ပြန်သည်။ အိုစာ မကျေနပ်၍ နှုတ်မှ ရေရွတ်လိုက်သော စကားများက အဖြစ်အပျက်နှင့် တိုက်ဆိုင်သွားတိုင်း စုန်းအတတ်ပညာဖြင့် ပြုစားသည်ဟု တစ်ရွာလုံးက စွပ်စွဲပြောဆိုလာကြသည်။

ထိုသို့သော အကြောင်းရင်းများကြောင့် ဖခင်က မိထွေးနှင့်ကွာရှင်းပြီး အိုစာကိုခေါ်ကာ ရွာပြင်၌နေထိုင်ခဲ့ကြသည်။ အိုစာလည်း လူတွေကို စိတ်နာ၊ စိတ်ဓာတ်ကျကာ တစ်ရွာလုံးနှင့် အဆက်အဆံမရှိတော့ပေ။ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ဆိုစကားအတိုင်း အိုစာ၏ ဖခင်သည် တောထဲ၌ သနပ်ခါးပင်ခုတ်ရင်း အပင်ပိသေဆုံးရရှာလေသည်။ ထို့ကြောင့် အိုစာလေး စိတ်ထိခိုက်ပြီး ကျန်းမာရေး ယိုယွင်းလာသဖြင့် အစ်ကို ဦးပဥ္စင်းက ဆေးကုသပေးကာ ကိုကံဆုံနှင့် အိမ်ထောင်ချပေးခဲ့သည်။ ကိုကံဆုံနှင့်မအိုစာတို့တွင် သားတစ်ယောက် သမီးတစ်ယောက် ထွန်းကားခဲ့ပြီး သားယောကျ်ားလေးက သာသနာ့ဘောင်တွင် ပျော်မွေ့ကာ ကိုရင်ဝတ်ခဲ့သည်။ သမီးလေးမှာ လှပချောမောပြီး အရွယ်ရောက်လာချိန်တွင် ရွာမှကျောင်းဆရာလေးနှင့် မေတ္တာမျှခဲ့သည်။ ကျောင်းဆရာလေး၏ မိဘများက သဘောမတူသဖြင့် ခွဲရာမှ သမီးလေး၏ အဖြစ်သနစ်ကို ဒေါ်အိုစာ သိရှိရသောအခါ သားသမီး ရတနာအတွက် ရတက်မအေးဖြစ်ပြီး မိမိအသက်ကိုပဓာနမထားဘဲ ပြဿနာအားလုံးနှင့် ရင်ဆိုင်ဖြေရှင်းခဲ့သည်။



ဤဇာတ်ကားသည် တစ်ချိန်က ကျေးလက်ဒေသတွင် ဖြစ်လေ့ဖြစ်ထရှိခဲ့သည့် မျိုးရိုးစဉ်ဆက် အရိုးစွဲနေသော အယူအဆများ အကြောင်းကို ပညာပေးတင်ပြထားပြီး မြန်မာ့ဓလေ့၊ မြန်မာ့စရိုက်များ ပေါ်လွင်အောင် ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ဆင္ဒဂံဇာတ်ကားမှ စိုးမြတ်နန္ဒာ။

ရွှေ့ဆောင်ရုံတွင် **ဆင္ဒဂံ** ဇာတ်ကား ဆက်လက်ပြသနေပြီး နေပြည်တော်ရုံတွင် The Cave ဇာတ်ကား ပြသလျက်ရှိသည်။

ရွှေဂုံရုံ (အပေါ်ထပ်) တွင် Kim Basinger, Val Kilmerm Terence Stamp, Gailaro Sartain တို့ ပါဝင် သရုပ်ဆောင်ထားကြသော The Real Mccoy ဇာတ်ကားရုံဝင်လာသည်။ ရွှေဂုံရုံ(မြေညီထပ်)တွင် Tusshar, Esha Deol, Rajesh Khanna, Rhj Babbar တို့ ပါဝင် သရုပ်ဆောင်ထားကြသော Kyaa Dil Ne Kahaa အကယ်ဒမီ ဆုရ အိန္ဒိယ ဇာတ်ကားသစ်ကြီး ရုံဝင်လာသည်။

ရတနာဇာတ်ကားမှ ထွန်းအိန္ဒြာဗို၊ ကျော်သူနှင့်ပုလဲဝင်းတို့၏ သရုပ်ဆောင်ချက်။

မြို့မရုံတွင် ရုံဝင်လာသည့် Yeh Raaste Hain Pyarke ဇာတ်ကားတွင် တစ်ဖက်ကချစ်သူ၊ တစ်ဖက်က ဟန်ဆောင်ခင်ပွန်း ဘဝနှစ်ခုကြားတွင် ဝေခွဲမရသည့် နှလုံး သားရေးရာ သုံးပွင့်ဆိုင်အချစ်ဇာတ် ကား၌ အဂျေးဒေ့ဗ်ဂန်၊ ပရီသီဇင်တားနှင့် မဒူရီး ဒီးစစ်တို့၏ သရုပ်ဆောင်ချက်များကို တင်ဆက် ပြသထားသည်။

ဆုထူးပန်ရုံတွင် ဆန်ဂျေးဒတ်၊ ချောင်ဒရီချာနှင့် မဟီမာချောင်ဒရီတို့ နှစ်ကိုယ်ခွဲ ပါဝင်ထားသည့် Daag the Fire ဇာတ်ကား ပြသလျက်ရှိသည်။ ဤဇာတ်ကားတွင် မတရားမှုကို မလိုလား၊ မဟုတ်မခံသူတစ်ဦး မမျှော်လင့်သော ကံကြမ္မာမုန်တိုင်းကြောင့် နှလုံးသားဝယ် အမာရွတ်ထင်မှုကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသည်။ ။

(မြန်မာ့အလင်း)

ရွှေနိုင်ငံဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂၄

ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၂၂)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲတွင် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံ၊ တက္ကသိုလ်မြတ်သူ၊ ချစ်နိုင် (စိတ်ပညာ)၊ စန်းနီလာဝင်း၊ ကိုလေးငယ်၊ ကျော်ဇင်ညွန့် (တရားရုံးချုပ်ရှေ့နေ)၊ ကြည်လင်း(ဆေး)၊ ညွန့်ဟံ(ကြူတော)၊လှထွန်း(တွံတေး)၊ ခင်မောင်တင့်(ဝဲ လောင်)၊ မောင်ကွန်ပျူတာ၊ မောင်ထည်ဝါ(ပျော်ဘွယ်)၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)တို့၏ မှတ်ဖွယ်မှတ်ရာ ဆောင်းပါးများ၊ အေးခင်ခင်လှိုင် (စက်မှု၊ကြွေမြေ)၊ ဒေါက်တာစိုးသိမ်း (တိ၊ကုဆရာဝန်)တို့၏ကဗျာ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

လေးမျက်နှာမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် မတ် ၂၄

လေးမျက်နှာ မြို့နယ်အသင်း (ရန်ကုန်)၏နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေးပွဲ၊ သာသနာတော်ဆိုင်ရာဂုဏဝိသိဋ္ဌပူဇာပွဲ၊ အသက် ၈၀နှင့်အထက် အသင်းဝင်များ သက်ကြီးပူဇော်ပွဲနှင့်အသင်းဝင်များ၏၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရသော သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲကို မတ်၂၆ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အင်းစိန်မြို့နယ် အောင်ဆန်းမြို့ စဉ့်ငူရပ်ကွက် တောရတပ်ဦးကျောင်းတိုက် (မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ-၇၇)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အထက(၁)ဒဂုံ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်း အထက(၁)ဒဂုံတွင် ၁၉၇၅ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားခဲ့သော ဆရာကြီး ဆရာမကြီးများအား ထိုနှစ်များတွင် ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အဆိုပါကျောင်းရှိ ဒဂုံသီရိခန်းမ၌ မတ်၂၆ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ ကျောင်းသူကျောင်းသားများ တက်ရောက်ကြရန်နှင့် အလှူငွေများကို သီရိမာ ဖုန်း-၀၉-၅၀၂၁၂၄၁၊ စိုးသိန်းထွင်း ဖုန်း-၀၉-၂၀၄၄၀၃၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စိမ်းလဲ့ရွှေပြည်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂၄

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃)၊ အမှတ်(၃)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင်တက္ကသိုလ်မြတ်သူ၊သျှင်ပညာဇောတ၊ဒေါက်တာရင်ရင်သန်း၊ မောင်စံဖြူ၊ ဖိုးထွေး(စိုက်ပျိုးရေး)၊ခေတ္တရာဆရာကျော်၊ မရွှေမုံ၊ ဇေယျာအောင်၊တက္ကသိုလ်သခ်၊ ရွှေဘိုဘာမထိ ခင်အောင်၊ သူရိန်ဝင်း (ဓိုးကုန်း)၊ မောင်ကျန်းမာ(မကြီးကုန်းကြီး)၊ လေးဝတီကျော်၊ ကျော်ဇင်ညွန့် (တရားရုံးချုပ်ရှေ့နေ)၊ အောင်စိုး(တိ/ကုဆရာဝန်) အမျိုးသားစာပေဆုရ၊ ခင်သစ္စာကျော်(မဟာဝိဇ္ဇာ)၊ ဒေါ်ဝေဝေလင်း၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၊ မောင်ယင်းမာ(ရိုးပြတ်တော)၊ စောဟူးဟူး(ဒီမောဆို)၊ ဇေယျမြေယဉ်မွှေး၊ ကြက်ခြေနီကြည်ကြည်တို့၏ သုတ၊ ရသဆောင်းပါးများ၊ ဝတ္ထုတိုကဏ္ဍ၊ မောင်ခိုင်ကျော်(ကျောက်ဆည်)၊ ကြည် ထွန်း(မြိတ်)တို့၏ကဗျာများ၊ ရုပ်ရှင်/ဗီဒီယိုအညွှန်း၊ မောင်မောင်ညွှက်၏ ကာတွန်း၊ ဆြာစန်း၏ဗေဒင်ကဏ္ဍ၊ အင်္ဂလိပ်စကားပြောသင်ခန်းစာတို့ဖြင့် စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ခြင်း ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေး တားဆီးကာကွယ်ခြင်းများစီမံဆောင်ရွက်

ရန်ကုန် မတ် ၂၄

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် သက်ဆိုင်ရာဒေသအာဏာပိုင်၏ လမ်းညွှန်ခွင့်ပြုချက်ရယူပြီး ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်အာဏာပိုင်များ၊ သက်ဆိုင်သည့် မွေးမြူသူများနှင့် ညှိနှိုင်းပူးပေါင်း၍လည်းကောင်း၊ သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကြက်ငှက်တုပ်ကွေးကျွမ်းကျင်သူ အတိုင်ပင်ခံပုဂ္ဂိုလ်များအား ဖိတ်ကြားပူးပေါင်းဆောင်ရွက် အကြံပြုချက်များရယူ၍လည်းကောင်း၊ ရောဂါထိန်းချုပ်ခြင်း၊ ရောဂါကူးစက်ပျံ့နှံ့မှုမရှိရေး တားဆီးကာကွယ်ခြင်းများ စီမံဆောင်ရွက်လျက်ရှိသည်။

ဖျက်ဆီးခဲ့

ထိုသို့ စီမံဆောင်ရွက်ရာတွင် မတ်၂၂ရက်အထိ ရွှေဘိုခရိုင်အတွင်း ကြက်ခြံ ၆၇ ခြံ၊ ငုံးခြံနှစ်ခြံတို့တွင် ကြက် ၄၂၉၈၅ ကောင်၊ ငုံး ၁၉၄၁ ကောင်ကို ရောဂါစူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့ပြီး ကူးစက်ပျံ့နှံ့နိုင်မှု ဘေးအန္တရာယ် အလားအလာကြိုတင် ကာကွယ်တားဆီးရေး Risk Prevention ဆိုင်ရာ အရေးယူဆောင်ရွက်မှုအရ ကြက် ၁၂၃၇၅ ကောင်၊ ငုံးအကောင် ၁၇၇၀၊ ငုံးဥ ၅၁၅ လုံး ဖျက်ဆီးခဲ့သည်။ မန္တလေးခရိုင်အတွင်း ကြက်ခြံ ၃၅ ခြံ၊ ငုံးခြံ ၁၆ ခြံ၊ ငုံးဥဖောက်စက် တစ်လုံးတို့တွင် ကြက် ၄၁၀၅၅ ကောင်၊ ငုံးအကောင် ၄၅၁၀၀ ကို ရောဂါစူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့ပြီး ကြက် ၂၄၈၄၂ ကောင်၊ ငုံး ၃၇၂၈၈ ကောင်၊ ငုံးဥအလုံး ၅၀၀၀၀ ဖျက်ဆီးခဲ့ရသည်။ ရွှေဘိုခရိုင်နှင့် မန္တလေးခရိုင်အတွင်း ကြက်ခြံ ၁၀၂ ခြံ၊ ငုံးခြံ၁၈ခြံ၊ ငုံးဥဖောက်စက်တစ်လုံးတွင် ကြက်အကောင် ၈၄၀၄၀၊ ငုံး ၄၇၀၄၁ ကောင်ကို ရောဂါစူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့ပြီး ကြက် အကောင် ၃၇၂၂၀၊ ငုံး၃၉၀၅၈ကောင်၊ ငုံးဥ ၅၀၅၁၅ လုံး ဖျက်ဆီးခဲ့ရသည်။

မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်ရှိ ကြက်မွေးမြူရေးခြံ တစ်ခြံတွင် H5N1 ဟု သံသယဖြစ်ဖွယ် နမူနာများရရှိခဲ့ရာ ၎င်းခြံအားစနစ်တကျဖျက်သိမ်း၍ မြေမြှုပ်ခြင်း၊ ပိုးသတ်ဆေးဖြန်းခြင်းနှင့် အခြားရောဂါကာကွယ်တားဆီးမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရှိရသည်။ ဗဟိုစတ်ခွဲခန်း စစ်ဆေးချက်အရ အဆိုပါဒေသအတွင်းရှိ ခြံအချို့တွင် သံသယဖြစ်ဖွယ် စစ်ဆေးချက်များ တွေ့ရှိခဲ့ရသော်လည်း ယခုအခါ ဖြစ်စဉ်အသစ်များ ထပ်မံဖြစ်ပေါ်ခြင်း မရှိကြောင်းသိရှိရသည်။ FAO နှင့် JICAမှလည်း ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထောက်ပံ့ကူညီပေးလျက်ရှိသည်။

ကျဆင်းနေ

လက်ရှိ ရွှေဘိုခရိုင်နှင့် မန္တလေးခရိုင် အတွင်းတွင် ကြက်ဥ၊ ကြက်သားများ သယ်ဆောင် ရောင်းချခြင်းကို ထိရောက်စွာထိန်းချုပ်ထားပြီး ရောဂါဆက်လက်ပြန့်ပွားမှုမရှိအောင်ပူးပေါင်းအဖွဲ့အစည်းများဖြင့် စုပေါင်းဆောင်ရွက်နိုင်ခဲ့သဖြင့် ကြက်သေဆုံးမှုပုံမှန်သေနှုန်းသို့ကျဆင်းနေပြီဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ ကျန်အခြားဒေသများတွင်လည်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ အခြားမည်သည့်နေရာတွင်မှ ကြက်ငှက် တုပ်ကွေးရောဂါဖြစ်ပွားမှု မတွေ့ရှိရသေးကြောင်း၊လူနှင့်အခြားတိရစ္ဆာန်များသို့လည်း ကူးစက်မှု မတွေ့ရှိရကြောင်း တွေ့ရှိရသည်။

ခွင့်ပြုချက်ရယူ

ပြည်တွင်းကြက်နှင့် ကြက်ထွက်ပစ္စည်း ကုန်စည်စီးဆင်းမှုမှန်ကန်ရေး၊ စားသုံးမှုများ ပုံမှန်စားသုံးနိုင်ရေးနှင့် ရောင်းဝယ်မှုပုံမှန်ဖြစ်စေရေးအတွက် ပြည်နယ်/တိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အချင်းချင်း ကြိုတင်ညှိနှိုင်းချက်၊ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ကြက်/ဘဲမွေးမြူရောင်းဝယ်ရေး လုပ်ငန်းရှင်များနှင့် ကြိုတင်ညှိနှိုင်းချက်တို့ဖြင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်များသို့ ကျိုးကြောင်းဖော်ပြချက်ဖြင့် ခွင့်ပြုချက်ရယူပြီး ဖြန့်ဖြူးရောင်းချနိုင်ရေးကို စီမံဆောင်ရွက်လျက် ရှိကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မဇ္ဈိမဂုဏ်ရည်ဆရာတော်ဓမ္မသဘင်

ရန်ကုန် မတ် ၂၄

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက သာသန တက္ကသီလ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တ ကောဝိဒ အရှင်မြတ်သည် မတ်၂၅ရက် ည ၁၀နာရီတွင် ဒလမြို့နယ် သမ္မတကမ်းခြေရပ်ကွက် ဓမ္မသဘင်၊ ၂၆ရက် ည ၇နာရီတွင် သာယာဝတီမြို့ လောကနန္ဒာဘုရား ဓမ္မ သဘင်၊ ၂၇ ရက် ည ၇ နာရီတွင် မင်္ဂလာဒုံ ပေါက်ကုန်းရပ်ကွက် ဓမ္မသဘင်၊ ၂၈ရက် ည၇နာရီတွင် သာကေတမြို့နယ် (၇)ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံဓမ္မသဘင်၊ ၂၉ရက် ည၇နာရီတွင် သာကေတမြို့နယ် (၈)ရပ်ကွက် သာသနာ့ရက္ခိတဓမ္မာရုံ ဓမ္မသဘင်၊ ၃၀ရက် ည ၇ နာရီတွင် သာကေတမြို့နယ် ၄/တောင်ရပ်ကွက်၊ သာသနာ့ဝေပုလ္လဓမ္မာရုံ ဓမ္မသဘင်၊ ဧပြီ ၁ရက် ည ၇ နာရီတွင် ရွှေပြည်သာမလွန်ဆန်လှူအသင်းဓမ္မသဘင်၊ ၈ညနာရီခွဲတွင် ကြည့်မြင်တိုင် ကမ်းနားလမ်းဓမ္မသဘင်၊ ၂ရက် ည၇နာရီတွင် ကျောက်တန်းမြို့နယ် ပါဒကြီးဓမ္မသဘင်၊ ၃ရက် ည၇နာရီတွင် တောင်ဒဂုံမြို့နယ် (၁၀၄) ရပ်ကွက် ဓမ္မသဘင်၊ ၅ရက် ည၇နာရီတွင် ဒေါပုံမြို့နယ် ဝါဆိုပရိယတ္တိစာသင်တိုက် ဓမ္မသဘင်၊ ၆ရက် ည ၇နာရီတွင် ရွှေပြည်သာမလွန်ဆန်လှူအသင်းဓမ္မသဘင်၊ ၈ရက် ည ၇နာရီတွင် လှိုင်မြို့နယ် (၁၆)ရပ်ကွက် မလွန်ဆန်လှူအသင်းထောက် ဓမ္မသဘင်၊ ၉ရက် ည ၇နာရီတွင် ပုဇွန်တောင်မြို့နယ် မလွန်ဆန်လှူ အသင်းထောက် ဓမ္မသဘင်၊ ၁၀ရက် ည၇နာရီတွင် ဒလမဟာသကြိန်ဘုရားကြီး ဓမ္မသဘင်၊ ၁၃ ရက် ည ၆နာရီတွင် သန်လျင်ကျိုက်ဒေးယျုံကျောင်း ဓမ္မသဘင်၊ ည ၈နာရီတွင် သာကေတမြို့နယ် (၅)ရပ်ကွက် သီဂီ ၃ လမ်း ဓမ္မသဘင်၊ ၁၅ရက် ည၇နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ဇရပ်ကွင်းချောင်း ဓမ္မသဘင်၊ ၁၇ ရက် ည ၇နာရီတွင် ဒေါပုံမြို့နယ် ဗြဟ္မဝိဟာရဓမ္မသဘင်များ၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဖားအောက်တောရဆရာတော်တရားပွဲ

ရန်ကုန် မတ် ၂၄

မော်လမြိုင်မြို့ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာ(ပင်မ)မှ ဖားအောက်တောရဆရာတော်ဘဒ္ဒန္တ အာစိဏ္ဏ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)သည် မတ်၃၀ရက်(ကြာသပတေးနေ့) ည၇နာရီတွင်ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကျောက်ကုန်း မဟာဗောဓိကျောင်းတိုက်အတွင်းရှိ မဟာဗောဓိ မြတ်စွာဘုရားရွှေကျောင်း၊ ၃၁ရက်(သောကြာနေ့) ည၇နာရီတွင်ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ကံမြင့်ဓမ္မာရုံတို့တွင်နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

နေပြည်မြို့ကရုဏာရှင်အဖွဲ့ ငွေလှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၂၄

ရန်ကုန်မျက်စိ ဆေးရုံကြီးတွင် လိုအပ်သော Slit Lamp Microscope (1)Set. ဝယ်ယူရန်အတွက် နေပြည်မြို့ ကရုဏာရှင်အဖွဲ့မှအလှူငွေကျပ် ၂၂သိန်းလှူဒါန်းပွဲကို ယနေ့ ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီး အစည်းအဝေးခန်းမကြီး၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာ အမ်ဂျာနော်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(က-ပ)**

အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်(၂)

- **ဆေးရုံသို့အမြန်ပြသပါ။**
- **အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန။

ဗိုလ်တထောင်မြို့နယ် စာပေဟောပြောပွဲ

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဗိုလ်တထောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ ကြီးမှူးကျင်းပသော ပထမအကြိမ် မြောက်စာပေဟောပြောပွဲကို မတ် ၂၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ဝိုင်အမ်စီအေခန်းမ၌ ကျင်းပမည်ဖြစ်ရာ စာရေးဆရာကြီးများဖြစ်ကြသော လယ်တွင်းသားစောချစ်၊ ချစ်ဦးညိုနှင့် သုမောင်တို့က ဟောပြောကြမည်ဖြစ်၍ မည်သူမဆို တက်ရောက်နားထောင်နိုင်ကြောင်း သိရသည်။ **(က-ပ)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာ ပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသာအခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန်နှိုးဆော်အပ်ပါသည်။

(၁) နံနက်၁၀နာရီမှ ညနေ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ခြင်းရေချိုးခြင်းမှရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကိုဖြစ်ပေါ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။ **ကျန်းမာရေးဝန်ကြီးဌာန။**

မူးယစ်ဆေးဝါးပြဿနာ တုံ့ပြန်အဖြေရှာ

အောင်စေတီသာသနာ့ဗိမာန်ဆရာတော်ကြီး သိက္ခာထပ် မွေးနေ့မင်္ဂလာပူဇော်ပွဲ တက်ရောက် ကြည်ညိုလှူဒါန်းနိုင်ကြ

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း (၁၀)မိုင်ရှိ အောင်စေတီသာသနာ့ဗိမာန်ကျောင်း ဆရာတော်ကြီးဘဒ္ဒန္တ စတိလ၏ သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၆)ဝါပြည့်မြောက်သော သိက္ခာထပ် မွေးနေ့မင်္ဂလာပူဇော်ပွဲ အခမ်းအနားကို မတ် ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အောင်စေတီသာသနာ့ဗိမာန် ကျောင်း၌ ကျင်းပမည်ဖြစ်သည်။ ယင်းနေ့ နံနက် ၉ နာရီတွင် သိမ်ဆင်းမည်ဖြစ်၍ တက်ရောက် ကြည်ညိုလှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်နယ်/ တိုင်း ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၄

၂၀၀၆ခုနှစ် ဒုတိယအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလားနှင့် (၃၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာခြင်းလုံး ခတ်ပြိုင်ပွဲများကို မတ်၂၉ရက် မှ ဧပြီ၂ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ စတင်၍ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပမည် ဖြစ်သည်။

ဖွင့်ပွဲနေ့တွင် မြန်မာ့ဆိုင်းဝိုင်းကြီး ဖြင့်တွဲဖက်၍ ခြင်းလုံးအကျော်အမော်များက ခေတ်သရုပ်ဖော်တင်ဆက် ခတ်ပြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှား အားကစား

အက်ဖ်အေဖလား ကွာတားဖိုင်နယ် ချာလ်တန်နှင့်မစ်ဒယ်ဘရော့ သရေကျ၍ ပြန်ကစားရမည်

တင်ပြသူ မြင့်မောင်စိုး

လန်ဒန် မတ် ၂၄

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲအဖြစ် ချာလ်တန်အသင်းနှင့် မစ်ဒယ်ဘရော့အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ပွဲပြီးသွားခဲ့ရသည်။

ချာလ်တန်အသင်းသည် ပထမပိုင်းတွင် နှစ်ကြိမ်ဂိုးသွင်းခွင့်ရသော်လည်း မစ်ဒယ်ဘရော့ဂိုးသမား ရှဝါဇာ လက်စွမ်းပြနေသဖြင့် ဂိုးမရဘဲ ဖြစ်ခဲ့ရသည်။ ရှဝါဇာကမစ်ဒယ်ဘရော့အသင်းအတွက် အရေးကြီးဆုံးသော ဘောလုံးနှစ်လုံးကို ပထမပိုင်းတွင် ဖမ်းပေးနိုင်ခဲ့သဖြင့် မစ်ဒယ်ဘရော့တို့ ဂိုးမပေးလိုက်ရခြင်းဖြစ်သည်။

ရှဝါဇာသည် ရှရိဒါဆွန်၏ အလွတ်တည်ကန်ဘောကို ဒိုင်ဗင်ထိုးကာကွယ်လိုက်သဖြင့် မစ်ဒယ်ဘရော့တို့ တစ်ဂိုးသက်သာသွားရခြင်း ဖြစ်သည်။

ဘားတန်းကျော်

မစ်ဒယ်ဘရော့အသင်းသည် အစောပိုင်းက ချာလ်တန်ကို ဖိကစားနိုင်ခဲ့သဖြင့် ကစားကွက်အသာရခဲ့သည်။ သို့ရာတွင် ယာကူဘူ၏ခေါင်းတိုက်ဂိုးမှာ ဂိုးဘားတန်းပေါ်ကျော်တက်သွားသဖြင့် တစ်ဂိုးနစ်နာသွားသည်။

ဒုတိယပိုင်းတွင် မစ်ဒယ်ဘရော့ကစားသမား ကက်တာမိုးနှင့် ဂျိမ်းစ်မော်ရစ်ဆင်တို့ ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း ဂိုးမရခဲ့ချေ။

ချာလ်တန်နှင့် မစ်ဒယ်ဘရော့တို့ ဂိုးမရှိသရေပွဲဖြစ်သွားခဲ့သဖြင့် ဧပြီ ၁၂ ရက်တွင် ပြန်လည်ကစားရမည်ဖြစ်သည်။ ယင်းတို့နှစ်သင်း ဂိုးရလဒ်အဖြေမထွက်ခဲ့သဖြင့် မတ် ၂၄ရက်တွင် အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲ အစီအစဉ် ရေးဆွဲရန် အစီအစဉ်ကိုအခက်တွေ့ခဲ့သည်။

မစ်ဒယ်ဘရော့ ဂိုးသမားရှဝါဇာသည် ပြီးခဲ့သည့် သီတင်းပတ်က မစ်ဒယ်ဘရော့အသင်းအား ယူအီး အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်တက်ရောက်နိုင်အောင် သွင်းဂိုးများကို အစွမ်းကုန် ကာကွယ်နိုင်ခဲ့သူလည်းဖြစ်သည်။ မစ်ဒယ်ဘရော့အသင်းက ရိုးမားအသင်းကို နှစ်ပွဲပေါင်းရလဒ် နှစ်ဂိုး-နှစ်ဂိုးဖြင့် သရေပွဲကျပြီး အဝေးဂိုးစည်းမျဉ်းအရ မစ်ဒယ်ဘရော့အသင်းက ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ် တက်လာနိုင်ခဲ့သည်။

အကောင်းဆုံး

ဆောက်ဂိတ်၊ဘိုတန်နှင့်ဒေါင်းနင်းတို့လည်း ထိုနေ့က မစ်ဒယ်ဘရော့အသင်းအတွက် အကောင်းဆုံးကစားသွားနိုင်သည်ကို တွေ့ရသည်။ ဒေါင်းနင်းသည် အဲရစ်ဆင်၏ အင်္ဂလန်အသင်းအတွက် ကမ္ဘာ့ဖလားကစားရန် နေရာတစ်နေရာကို မျှော်လင့်ထားသူဖြစ်သည်။

မစ်ဒယ်ဘရော့အသင်းက ချာလ်တန်၏တိုက်စစ်ကို မိမိရရကာကွယ်ပြီး ဂိုးပြန်သွင်းနိုင်ခဲ့လျှင်ပွဲမှာ ပို၍ကောင်းလာနိုင်မည်ဟု ဆိုသည်။

မစ်ဒယ်ဘရော့ကစားသမား ကွီဒရူး၏ခေါင်းတိုက်ဂိုးမှာလည်း ဂိုးဘားတန်းကျော်တက်သွားသည်။ ယာကူဘူက ရှရိဒါဆင်နှင့်ခရစ်ပါရီတို့အကြားမှ ခေါင်းခုန်တိုက်ရာ ဘောလုံးမှာ ဂိုးတန်းကျော်တက်သွားခဲ့ရပြန်သည်။

ရှဝါဇာသန်ရှရိဒါဆင် ကန်သွင်းသောနှစ်ဂိုးကိုလည်း ကာကွယ်လိုက်နိုင်သည်။ ပထမဂိုးမှာ အလွတ်တည်ကန်ဘောမှဖြစ်ပြီး ဒုတိယဂိုးမှာ ဘရိုင်ယန်ဟူးဂျက် ညာတောင်ပံမှစတင်ပို့လိုက်သော ဘောလုံးကို သွင်းယူရန် ကြိုးစားခြင်းမှ ကာကွယ်လိုက်ခြင်း ဖြစ်သည်။

ရှဝါဇာသည် ၎င်း၏ကစားဖော်များဖြစ်ကြသည့် ဆောက်ဂိတ်၊ မင်ဒီယေတာနှင့်ကွီဒရူးတို့နှင့်အတူ အရေးကြီးသော ဂိုးသွင်းနိုင်ခြေများကို ကာကွယ်ပေးနိုင်ခဲ့သည်။

အဆုံးအဖြတ်

အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲတွင် ဝက်စ်ဟမ်း၊ လီဗာပူးနှင့်ချယ်လ်ဆီးအသင်းတို့ နောက်ဆုံးလေးသင်း ပြိုင်ပွဲအကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သော်လည်း ချာလ်တန်အသင်းနှင့်မစ်ဒယ်ဘရော့ အသင်းတို့သည် သရေပွဲဖြစ်နေသဖြင့် အဆုံးအဖြတ်ပွဲကစားရလိမ့်ဦးမည် ဖြစ်သည်။

(အင်တာနက်)

အက်ဖ်အေဖလား ကွာတား ဖိုင်နယ်ပွဲအဖြစ် ချာလ်တန်နှင့် မစ်ဒယ်ဘရော့အသင်းတို့ ယှဉ်ပြိုင် ကစားရာတွင် ချာလ်တန်မှ သောမတ်စ် (အလယ်) **က မစ်ဒယ်ဘရော့ ကစားသမား နှစ်ယောက် ကြားမှ ဘောလုံးကို ဆွဲထုတ်ယူစဉ်။**

(အင်တာနက်)



ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ်တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ရန်ကုန်ဂေါက်ကလပ်တွင်မတ် ၂၉ရက်နှင့် ၃၀ရက်တို့၌ကျင်းပမည်

ရန်ကုန် မတ် ၂၄

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိကကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ (Grand Royal Special Reserve Golf Championship 2006) ကို မတ် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် တညင်းကုန်းဂေါက်ကလပ်၌ကျင်းပမည်ဖြစ်သည်။

စာရင်းသွင်းနိုင်

အဆိုပါ ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ကြမည့် Amateur ဂေါက်သီးရိုက် အားကစားသမားများသည် မတ်၂၇ရက် ညနေ၄နာရီတွင် နောက်ဆုံးထား၍ Grand Royal Counter များ၊ ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)၊ မြန်မာဂေါက်ကလပ်(၉)မိုင်နှင့် မြန်မာ ဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း(ကျောက်ရေတွင်း၊ မရမ်းကုန်းမြို့နယ်)တို့သို့အမည်စာရင်းပေးသွင်းနိုင်သည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ IBTC ဖြစ်ပြီး Co-Sponsors များအဖြစ် Air Mandalay၊ Grand Plaza Park Royal Hotel၊ Crusher Club Soda နှင့် Srixon တို့က အသီးသီး ပါဝင်ကူညီမည်ဖြစ်ကာ ရန်ကုန်ဂေါက်ကလပ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဆင့်မြင့်တန်း ကွင်းပိတ်ဘောလုံးပြိုင်ပွဲ မြို့တော်စည်ပင်အသင်း လေးဂိုးပြတ်အနိုင်ရ

ရန်ကုန် မတ် ၂၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီ ၄၅မိနစ်က အောင်ဆန်း အားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ မြို့တော်စည်ပင်အသင်းက ဆက်သွယ်ရေး/စာတိုက်နှင့် ကြေးနန်းအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ကြိုးစားယှဉ်ပြိုင်ခဲ့

အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲ၌ အဆင့်(၆) ရရှိခဲ့သော မြို့တော်စည်ပင်အသင်းက ပထမတန်းမှတက်လာသော ဆက်သွယ်ရေး/စာတိုက်နှင့် ကြေးနန်းအသင်းကို ပထမပိုင်းမှာပင် သုံးဂိုးသွင်းယူကာ ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ဆက်သွယ်ရေး/စာတိုက်နှင့် ကြေးနန်းအသင်းသည် အဆင့်မြင့်တန်း၏ မျက်နှာသစ်အသင်းဖြစ်၍ မြို့တော်စည်ပင်အသင်းကို အသင်းလိုက်ရော၊ တစ်ဦးချင်းပါ မယှဉ်နိုင်ဘဲ ပေးဂိုးနည်းအောင်သာ ကြိုးစား ယှဉ်ပြိုင်ခဲ့ရသည်။

မြို့တော်စည်ပင်အသင်းအတွက် ပထမဂိုးကို လေးမိနစ်တွင် အောင်မြင့်အေး၊ ဒုတိယဂိုးကို ၁၁ မိနစ်တွင် အောင်ဇော်မျိုး၊ တတိယဂိုးကို မိနစ် ၃၀ တွင် ဇော်ဇော်၊ စတုတ္ထဂိုးကို မိနစ် ၉၀ တွင် ဇော်နိုင်ထွန်းတို့က သွင်းယူပေးသည်။ မြို့တော်စည်ပင် အသင်းသည် ဘိုင်ရထားသော တံခွန်အသင်းနှင့် မတ် ၃၀ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယမန်နေ့က ယှဉ်ပြိုင်ကစားသော ပို့ဆောင်ရေးအသင်းနှင့်လယ်ယာ/ဆည်မြောင်းအသင်းတို့၏ပွဲစဉ်တွင် ပို့ဆောင်ရေးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ပို့ဆောင်ရေးအသင်းသည် ဘိုင်ရထားသော လျှပ်စစ်စွမ်းအားအသင်းနှင့် မတ်၂၉ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

မတ် ၂၅ ရက် **(ယနေ့)** ညနေ ၃ နာရီ၄၅ မိနစ်တွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့်စွမ်းအင်အသင်းတို့ ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအစီအစဉ်အရ တပေါင်းလဂေါက်သီးရိုက်ပြိုင်ပွဲကို မတ်၂၆ရက်(တနင်္ဂနွေနေ့)နံနက် ၆နာရီတွင် မြန်မာနိုင်ငံ ဂေါက်ကွင်း (၉)မိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လမ်းလျှောက်ခြင်းနှင့်ကျန်းမာရေးဆိုင်ရာ ဆောင်းပါးပြိုင်ပွဲယှဉ်ပြိုင်နိုင်

ရန်ကုန် မတ် ၂၄

လမ်းလျှောက်ခြင်းသည် ကျန်းမာရေးအတွက် ငွေကုန်သက်သာပြီး အထောက်အကူပြုကြောင်း ပညာပေး အစီအစဉ်အဖြစ် ပြည်သူလူထုသိရှိနိုင်ရေးအတွက် **"လမ်းလျှောက်ခြင်းနှင့်ကျန်းမာရေး"**ဆိုင်ရာ ဆောင်းပါး ပြိုင်ပွဲကို မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည်ဖြစ်သည်။ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဆုများကို ထိုက်တန်စွာချီးမြှင့်မည်ဖြစ်သည်။

ဆောင်းပါးခေါင်းစဉ် သတ်မှတ်ချက် မရှိဘဲ လမ်းလျှောက်ခြင်းနှင့်ကျန်းမာရေးဆိုင်ရာ အသိပညာပေး အချက်အလက်များအပေါ် မူတည်ပြီး လက်နှိပ်စက် (သို့မဟုတ်) ကွန်ပျူတာစာစီဖြင့် အနည်းဆုံးလေးမျက်နှာ ရေးသားပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ဆောင်းပါးစာမူများကို ဧပြီ ၂၁ရက် ညနေ၄နာရီ နောက်ဆုံးထား၍ ဦးကျော်စိန်သန်း ပြိုင်ပွဲကျင်းပရေးကော်မတီ၊ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်၊ အထူးတန်း၊ အောင်ဆန်းအားကစားပြိုင်ဝင်း ဖုန်း-၃၇၄၅၀၂သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၂၄

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)တွင်မတ်၁၉ရက် မွန်းလွဲ၁၂နာရီ မိနစ်၅၀တွင် ဒေါက်တာအေးထွန်းသည် ကစားဖော်များဖြစ်သော ဦးစိုးမင်းဦး၊ ဦးမောင်အိ၊ ဦးကြီးဟင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားရာ ကျင်းအမှတ်(၁၁)၊ ၁၆၂ကိုက်အကွာမှ 01 Precept MC Black ဘောလုံးကို Ping Iron(6)တုတ်ဖြင့် ရိုက်လိုက်ရာတစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်းသိရသည်။

(က-ပ)

ဒေသခံတိုင်းရင်းသား စာသင်သားများအတွက် လှူဖွယ်ပစ္စည်းများဆက်ကပ် ယောင်တင်-ကျောက်မိုင်းတွင် ကျောက်ထုတ်လုပ်ကြိတ်ခွဲမှု လုပ်ငန်းများစစ်ဆေး

တန့်ယန်း မတ် ၂၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေသည် တာဝန်ရှိသူများနှင့်အတူ မတ် ၁၅ ရက် ညနေပိုင်းက တန့်ယန်းမြို့ ဝေဠုဝန်စာသင်တိုက်၊ ကိုင်းကုန်းပရိယတ္တိစာသင်တိုက်နှင့် ရွှေမောင်းသီလရှင် စာသင်တိုက်များသို့ သွားရောက်၍ဒေသခံတိုင်းရင်းသား စာသင်သားများအတွက် လှူဖွယ်ပစ္စည်းနှင့်အလှူငွေများဆက်ကပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် တာကော်အက်-မိုင်းပတ်-ပန်ဆန်းလမ်း ကတ္တရာခင်းခြင်း၊ မိုင်းပတ်နှင့် ဝိန်းကောင်အကြား ကတ္တရာလမ်းခင်းခြင်း ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝိန်းကောင်-ယောင်တင် လမ်းအပိုင်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းတာဝန်ခံနှင့် စည်ပင်အင်ဂျင်နီယာများအား လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ယောင်တင်-ကျောက်မိုင်းသို့ ရောက်ရှိပြီး ကျောက်ထုတ်လုပ်နိုင်မှုအခြေအနေနှင့်ကျောက်ကြိတ်ခွဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်း လျင်မြန်သွက်လက်ရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး မှာကြားပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ဒေသခံလုပ်သားများသို့ လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ယောင်ခေါက် ကျေးရွာအနီး (၅၈/၂)မိုင်တိုင် နှင့် (၆၀/၀)မိုင်တိုင်တို့တွင် ကတ္တရာခင်းခြင်းဆောင်ရွက်နေသည့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို စစ်ဆေးကြည့်ရှု၍ တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ ခြံစည်းရိုးကြက်ဆူ မျိုးစေ့ချစိုက်ပျိုးပွဲ ကျိုင်းတုံ၌ ကျင်းပ

ကျိုင်းတုံ မတ် ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာ အဖွဲ့၏ ခြံစည်းရိုးကြက်ဆူစေ့ပျိုးပွဲတော် စိုက်ပျိုးမှုအခမ်းအနားကို မတ် ၄ရက် နံနက် ၇နာရီက ကျိုင်းတုံမြို့ ကျိုင်းဖောင်းရွာ သစ်တောဦးစီးဌာန ပျိုးဥယျာဉ်တွင် ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ကြူကြူလှ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အမျိုးသမီးရေးရာ အဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာသိမ်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ စုစုပေါင်းအင်အား ၅၀၀ခန့် တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လူမှုရေး အဖွဲ့အစည်းဝင်များအား ကြက်ဆူပင်မျိုးစေ့ထုပ်များကို ပေးအပ်ပြီး တိုင်းမှူးနှင့်ဇနီးတို့က ဦးဆောင်၍ ခြံစည်းရိုးကြက်ဆူမျိုးစေ့ချ စိုက်ပျိုး၍ **(အပေါ်ပုံ)** လူမှုရေးအဖွဲ့အစည်းများ၏ ခြံစည်းရိုးကြက်ဆူမျိုးစေ့ချ စိုက်ပျိုးခြင်းကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **(အမျိုးသမီးရေးရာ)**

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ဝမ်မိုင်ရပ်ကွက် နှင်းဆီလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မတ် ၈ရက်က တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ခိုင်ဇော်ငြိမ်း လာရောက် စစ်ဆေးရာ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်၊ အမှုဆောင်အရာရှိ ဦးကိုကိုနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှမျိုးတို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။

(ခရိုင် ပြန်/ဆက်)

မိသားစုဝင်ငွေတိုးလုပ်ငန်းများ စကားဝိုင်းဖွဲ့ဆွေးနွေး ကျန်းမာရေး ပညာပေးဟောပြော၊ ဂုဏ်ပြုလွှာပေးအပ်

စစ်တွေ မတ် ၂၀

စစ်တွေခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မေရီထွန်းသည် မတ်၁ရက်က မြောက်ဦးမြို့နယ်သို့ရောက်ရှိပြီး မြို့နယ်အသင်း၊ ရပ်ကွက်အသင်းခွဲများမှ အသင်းဝင်များအားတွေ့ဆုံ၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအကြောင်းနှင့် ကျန်းမာရေး ပညာပေးဟောပြောပွဲများ ကျင်းပသည်။

ထို့နောက် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ရာသက်ပန်အသင်းဝင်ဂုဏ်ပြုလွှာ ၁၀၀ နှင့် ရင်ထိုးတံဆိပ်များကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မေရီထွန်းက ပေးအပ်ရာ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးသီတာညွန့်က လက်ခံရယူပြီး**(အောက်ပုံ)**အသင်းဝင်များနှင့် ကျန်းမာရေးမိသားစုဝင်ငွေတိုး လုပ်ငန်းများကို ရင်းနှီးစွာ စကားဝိုင်းဖွဲ့ဆွေးနွေးခြင်း၊ သားဖွားခန်းအရည်အသွေး မြင့်မားရေးဆွေးနွေးခြင်းများ ကျင်းပပြီး ကိုယ်ဝန်ဆောင် ၂၀ အား အိုင်အိုဒင်းဆားနှင့်သံဓာတ်အားဆေးများပေးဝေခဲ့ပြီး ဘိုးဘွား ၅၅ ဦးတို့အား အခမဲ့ ဆေးဝါးကုသပေးကြောင်း သိရသည်။ **(မိခင်နှင့်ကလေး)**

ကျေးရွာချင်းဆက် လမ်းဖောက်လုပ်မှုကြည့်ရှုစစ်ဆေး

ဝေါ မတ် ၁၂

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ညောင်သုံးခွကျေးရွာနှင့် သနပ်ပင်မြို့နယ် မင်းရွာသို့ ဆက်သွယ်သော မြေသားလမ်းဖောက်လုပ်နေမှုကို ဖေဖော်ဝါရီ ၂၈ ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြည့်ရှုစစ်ဆေးရာ ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ဌေး၊ သနပ်ပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမြင့်ဝေတို့က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ရွှေတောင်၌ကျင်းပ

ရွှေတောင် ဖေဖော်ဝါရီ ၂၅

ပြည်ခရိုင် ရွှေတောင်မြို့နယ် ပထမအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် ည ၇ နာရီက သမိုင်းဝင် ရွှေပြောင်ပြောင်စေတီပရိဝုဏ်အတွင်း၌ ကျင်းပသည်။

ပြိုင်ပွဲသို့ ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ခင်၊ မြို့နယ်ဥက္ကဋ္ဌဦးသန်းမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ပြည်သူများ တက်ရောက်အားပေးကြသည်။

ပါဝင်ယှဉ်ပြိုင်

ထို့နောက် ပထမဆုရယွန်းတန်းရပ်ကွက်အသင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးသန်းမြင့်က ဆုငွေကျပ် ၁၀၀၀၀၊ ဒုတိယဆုရ မင်းတဲကျွန်းအုပ်စုအသင်းကို အဖွဲ့ဝင်(၁) ဒုတိယရဲမှူးလှဦးက ဆုငွေကျပ်၇၅၀၀၊တတိယဆုရမြို့နယ် စည်ပင် အသင်းကို အဖွဲ့ဝင်(၂)ဦးမြင့်သိန်းက ဆုငွေကျပ် ၅၀၀၀ နှင့် ပြိုင်ပွဲဝင်အသင်းတိုင်းသို့ နှစ်သိမ့်ဆုငွေကျပ် ၄၀၀၀ စီကို တာဝန်ရှိသူက ဆုများချီးမြှင့်ကြရာ ပြိုင်ပွဲသို့ ရပ်ကွက်နှင့်ကျေးရွာအုပ်စုတို့မှ အသင်းကိုး သင်း၊ မြို့နယ် စည်ပင်အသင်းနှင့် မြို့နယ်ပြည်ခိုင်ဖြိုးအသင်း စုစုပေါင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ တပို့တွဲလပြည့်နေ့ နံနက်က ရွှေပြောင်ပြောင်စေတီတော်၌ အရဏ်ဆွမ်းစုပေါင်းကပ်လှူကြပြီး ဘုန်းတော်ကြီးကျောင်းများသို့ ထမနဲများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ပြုပြင်တည်ဆောက်သော မြို့တွင်းရတနာလမ်းတံတားအမှတ်(၂) တည်ဆောက်မှုကို ဖေဖော်ဝါရီ ၂၂ ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့် ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

ကဝမြို့နယ် စည်ပင် သာယာရေး အဖွဲ့က မြို့နှင့် ဆက် သွယ်ထားသော ကဝ-ကြာတောရွာသစ် မြေ သား လမ်း ဆောင် ရွက် မှု အ ခြေ အ နေ ကို မတ် ၆ရက် က မြို့နယ်အေး ချမ်း သာ ယာ ရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥ က္က ဋ္ဌ ဦး စိုင်း မောင်လူနှင့် အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထူးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်စိုးနိုင်တို့က ပြီးစီးမှုကို ရှင်းလင်းတင်ပြစဉ်။

(၂၄၀)

နွေရာသီသင်တန်းပေါင်းစုံဖွင့်၊ သင်ထောက်ကူပစ္စည်းလှူဒါန်း

မန္တလေး မတ် ၁၆

မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် လူမှုရေးအသင်း အဖွဲ့ဝင်များစုပေါင်း၍ နွေရာသီသင်တန်းပေါင်းစုံဖွင့်ပွဲနှင့် သင်ထောက်ကူပစ္စည်းများပေးအပ်လှူဒါန်းပွဲကို မတ် ၁၁ ရက် နံနက် ၈ နာရီက ချမ်းအေးသာစံမြို့နယ် အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနေဝင်းက သင်တန်းများ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးတင်မောင်ဦးက အလှူငွေကျပ်ငါးသောင်းပေးအပ်ရာ တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက လက်ခံရယူသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေကျပ် ငါးသောင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအလုပ်အမှုဆောင် ဒေါ်နန်းမြမေကြည်က ငွေကျပ်နှစ်သောင်း၊ ကိုမျိုးရန်အောင်က ငွေကျပ် နှစ်သောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက သင်ထောက်ကူ စာအုပ်များ၊ မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၀ မှ စာကြည့်တိုက်များအတွက် စာအုပ်များ လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ရှင်းလင်း

ထို့နောက် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ဝင်များသည် ချမ်းမြသာစည်မြို့နယ် အမှတ်(၂၆) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး နွေရာသီသင်တန်းပေါင်းစုံဖွင့်ပွဲသို့ တက်ရောက်ကြရာ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးထွန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်းများအခြေအနေကို ရှင်းလင်းတင်ပြသည်။

အလှူငွေ

ယင်းနောက် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက အလှူငွေကျပ် ငါးသောင်း၊ ဦးစောလှထွန်း၊ ဒေါ်မြင့်မြင့်ရီ မိသားစုက အလှူငွေကျပ် သုံးသောင်းနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ကြရာ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်

(မိခင်/ကလေး)

မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက် ကျိုက်သုတ်ဘုရားလမ်း ကိုယ့်အားကိုယ်ကိုး တိုးချဲ့ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၉ ရက်က လမ်းသစ်မုခ်ဦး၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖွင့်လှစ်ပေးပြီး လမ်းသစ်ကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။ (၁၆၈)

အမြို့မြို့ အနယ်နယ် သတင်းများ

မြင်းမူမြို့နယ် စပယ်လမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၂၀ရက်က မြင်းမူမြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးသိန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

ရေတာရှည်၌ ဓမ္မာရုံတည်ဆောက် ရေစက်ချလှူဒါန်း ဆေးပဒေသာပင် အလှူရှင်များ ဂုဏ်ပြုလွှာပေးအပ်

ရေတာရှည် မတ် ၂၂

ရေတာရှည်မြို့ အမှတ်(၂)ရပ်ကွက်နေ ဦးတုန်စိန်–ဒေါ်ဒေါ်ရှင် မိသားစုနှင့် ဆွေမျိုးများက ရေတာရှည်မြို့ ဘိုးဘွားရိပ်သာအတွင်း ဘုရားကျောင်းဆောင် ဓမ္မာရုံဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၁၂၀ လှူဒါန်းခဲ့ပြီး တည်ဆောက်ပြီးစီးမှုအတွက် ရေစက်ချအလှူတော်မင်္ဂလာပွဲနှင့် ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၂၄ သိန်း ပေးအပ်လှူဒါန်းပွဲကို မတ် ၁၁ရက် နံနက် ၁၀ နာရီက ဘိုးဘွားရိပ်သာအတွင်းရှိ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားဖြစ်မြောက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ထွေးက ဘိုးဘွားရိပ်သာတည်ဆောက်ရန်နှင့် တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ဘုရားကျောင်းဆောင်ဓမ္မာရုံအလှူရှင်များအား ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် နေထိုင်ကြသော ဦးတုန်စိန်–ဒေါ်ဒေါ်ရှင်မိသားစုနှင့် ဆွေမျိုးများက ရာသက်ပန် ဆွမ်းပဒေသာပင်အဖြစ် အလှူငွေကျပ် ၂၁ သိန်း၊ မြို့လှမြို့နေ (ဦးလှရွှေ)–ဒေါ်ခင်အေးမူ မိသားစုတို့က အလှူငွေကျပ် နှစ်သိန်း၊ နတ်ရေတွင်းကျောင်း ဆရာတော်က အလှူငွေကျပ် ၅၀၀၀၀နှင့် ရေတာရှည်မြို့ အမှတ်(၃)ရပ်ကွက်နေ ဒေါ်ခင်မြက အလှူငွေကျပ် ၅၀၀၀၀ စုစုပေါင်းငွေကျပ် ၂၄ သိန်းကို ဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နှင့် အတွင်းရေးမှူး ဦးခင်မောင်ထွေးတို့အား လှူဒါန်းရာ လက်ခံရယူပြီး **(အောက်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ **(က–ပ)**

ဒိုက်ဦး ဘောလယ်ကျေးရွာ အမက ဘက်စုံဖွံ့ဖြိုးရေး ရေတုံကင်၊ ရေကန်နှင့် ပစ္စည်းများပေးအပ်လှူဒါန်း

ဒိုက်ဦး ဖေဖော်ဝါရီ ၂၅

ဒိုက်ဦးမြို့နယ် ဘောလယ်ကျေးရွာ အမက၌ ဗိုလ်ကြီးသန်းထိုက်စိုး–ဒေါ်နန်းယုစံ (ထွေ/အုပ်၊ ရုံးအုပ်)က ငွေကျပ် ၈၀၀၀၀ တန်ဖိုးရှိ လက်နှိပ်တုံကင်၊ ရေကန်လှူဒါန်း၍ အလှူရှင်များက ကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပစ္စည်းများလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်၊ ဒုတိယဗိုလ်မှူးကြီးတင်မြင့် (ငြိမ်း)၊ မြို့နယ်ပညာရေးမှူးဒေါ်ရီရီညွန့်နှင့် အလှူရှင်များက လက်နှိပ်တုံကင်နှင့် ရေကန်တို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ကျောင်းဘက်စုံဖွံ့ဖြိုးရေးအတွက် တံခါးမကြီးနှင့် ပြတင်းပေါက်များအတွက် ဦးအောင်ဝင်း–ဒေါ်နီနီထွန်းတို့က ငွေကျပ် ၁၂၀၈၀၀၊ ဦးဌေးဦး–ဒေါ်မာလာသိန်းက ငွေကျပ် ၃၆၀၀၀၊ ဦးစိန်ညို–ဒေါ်စန်းဌေးက ငွေကျပ် ၁၈၀၀၀၊ ဦးတင်မြင့်–ဒေါ်ဝင်းရွှေက ငွေကျပ် ၁၈၀၀၀၊ သောက်ရေအိုးစင်အတွက် အငယ်လေး–မဆုမြင့်မြတ်က ငွေကျပ် ၁၁၅၀၀၊ ကျောင်းနံရံ အင်္ဂတေအချောပြုပြင်ရန်အတွက် ဦးအောင်ဝင်း–ဒေါ်နီနီထွန်းတို့က ငွေကျပ် ၅၇၀၀၀၊ ဦးသန်းရွှေ–ဒေါ်စန်းစန်းဝေက ငွေကျပ် ၅၀၀၀၀၊ ဦးကျော်လင်း–ဒေါ်ဝေဝေမြင့်က ငွေကျပ် ၅၀၀၀၀၊ ဦးကျင်စန်း–ဒေါ်ကျင်မွှံ(ဂြိုဟ်တုကွာစိ)က ငွေကျပ်၂၃၀၀၀၀၊ ကိုမောင်လွင်က ငွေကျပ် ၂၈၀၀၀ လှူဒါန်းကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်၊ မြို့နယ်ပညာရေးမှူး ဒေါ်ရီရီညွန့်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီတင့်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုင်းယောင်းမြို့၌ ဆိုင်းဘုတ်တင်အခမ်းအနားကျင်းပ

မိုင်းယောင်း မတ် ၅

မိုင်းယောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ကကြီးမှူးကျင်းပသော မြေကြီးကရွှေသီးစေဖို့ ခြံစည်းရိုးကြက်ဆူစိုက်ကြစို့ ဟူသောဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်က မိုင်းယောင်းမြို့ အမှတ်(၈)ရပ်ကွက် ဗလမင်းထင် ကျောက်တိုင်အနီး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဇင်တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများတက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

တိုက်ကြီးမြို့၌ မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်းဆင်း

တိုက်ကြီး မတ် ၂၂

ကွေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်သည် မတ် ၂၁ ရက်က တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းသို့ ရောက်ရှိလာပြီး ဦးစီးအရာရှိ မြေတိုင်းသင်တန်းအမှတ်စဉ် (၃)၊ တန်းမြင့်မြေတိုင်း အမှတ်စဉ်(၈)လုပ်ငန်းခွင် မြေတိုင်းတာခြင်းနှင့် မြေစာရင်း သင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းအုပ်ကြီး ဦးမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် တောင်ပိုင်းခရိုင်မှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါ ထူးချွန်ဆုရ ဦးစီးအရာရှိသင်တန်းတွင် ဦးအောင်ဇော်မြင့်၊ တန်းမြင့် မြေတိုင်း သင်တန်းတွင် ဦးကျော်မင်းဦးနှင့် လုပ်ငန်းခွင်သင်တန်းတွင် ဦးဇော်လင်းဦးတို့ ဖြစ်ကြောင်း သိရသည်။

(မြေစာရင်း)

ဇီဝဒီဇယ်ဆီထုတ်ရန် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

မတ္တရာ မတ် ၃

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဇီဝဒီဇယ်ထုတ်လုပ်နိုင်ရေးအတွက် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးစီမံချက်အရ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပျိုးပင် ၁၃၂၀ ကို သာစည်လမ်းဘေးတစ်လျှောက်တွင် ဖေဖော်ဝါရီ ၂၇ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် စုပေါင်းစိုက်ပျိုးမှုကို မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဖုံနှင့် ဒုတိယဦးစီးမှူး (အခွန်) ဒေါ်တိုးတိုးသန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

နဝမအကြိမ်မြောက် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး ယင်လုံအိမ်သာဆောက်လုပ်ရန် ဆက်စပ်ပစ္စည်းများလှူဒါန်း

မြိတ် မတ် ၁၂

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ကကြီးမှူး၍ နဝမအကြိမ်မြောက် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် ဆောင်ရွက်မှုကို မတ်၅ရက် နံနက်ပိုင်းက မြိတ်မြို့ မြိတ်တောင်နယ်မြေ ဇေယျာသီရိ (၄)ရပ်ကွက်တွင် ကျင်းပသည်။

အခမ်းအနားတွင်တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်တင်တင်နွဲ့၊ တိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဆွေဝင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ စုပေါင်းဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာဆွေဝင်းက ယင်လုံအိမ်သာ ဆောက်လုပ်ရန်အတွက် အိမ်သာခွက်နှင့် ဆက်စပ်ပစ္စည်း ၁၅ စုံကို ပြည်သူများအားလှူဒါန်းသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်တင်တင်နွဲ့က ပတ်ဝန်းကျင်သန့်ရှင်းရေး၊ သောက်သုံးရေ သန့်ရှင်းရေး၊ အစားအစာသန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးများ စနစ်တကျ ပြုလုပ်ကြရန် ပြည်သူလူထုအား ပညာပေးဆွေးနွေးကြောင်းသိရသည်။

(မိခင်/ကလေး)

ခေတ်စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မလွကုန်းလမ်း၊ အမှတ် ၇၂ အေ (၄) လွှာနေ ဦးမျိုးဝင်း-ဒေါ်အေးသိန်း တို့၏သားငယ်

မောင်ဇော်မျိုးမင်း (ပ)နှစ် သမိုင်း

နှင့်

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့ (၂)ရပ်ကွက်၊ ရွှေဝါလမ်း အမှတ် ၃၈ နေ(ဦးမန်းလုံးတင်)-ဒေါ်နန်းစန်းရွှေ တို့၏သမီးငယ်

မနန်းနန္ဒာလဲ့လဲ့စိုး

တို့သည် ၁၇-၃-၂၀၀၆ ရက်(သောကြာနေ့)တွင် နှစ်ဖက်သောမိဘ ဆွေမျိုး၊ ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘ ဆွေမျိုးများနှင့်
မောင်ဇော်မျိုးမင်း-မနန်းနန္ဒာလဲ့လဲ့စိုး။

TREASURE LAND EDUCATION & LANGUAGE CENTRE
SUMMER COURSES
AGE (7-15) years
ENGLISH GRAMMAR
Mon – Fri
Sat – Sun
Tel: 549509

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာ ခန့်ထားရန်)

၁။ B.E (Civil) (ကျား/မ) ၅ ဦး
လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိသူဖြစ်ရမည်။

၂။ B. Tech (or) A.G.T.I (Civil) (ကျား/မ) ၈ ဦး
လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိသူဖြစ်ရမည်။

၃။ B.E (E.P) (or) A.G.T.I (E.P) (ကျား) ၃ ဦး
လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိသူဖြစ်ရမည်။

၄။ Draftman {B.E (or) A.G.T.I (Civil)} (ကျား/မ) ၃ ဦး
(Autocad ကျွမ်းကျင်သူဖြစ်ရမည်။)
လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိသူဖြစ်ရမည်။

လျှောက်ထားသူများသည် နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာမူရင်း၊ ပညာအရည်အချင်းနှင့် လုပ်ငန်းအတွေ့အကြုံအတွက် လိုအပ်သောအထောက်အထားမိတ္တူ၊ မကြာမီက ရိုက်ကူးထားသော ဓာတ်ပုံ(၂)ပုံနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ(၂)ပတ်အတွင်း အောက်ဖော်ပြပါ လိပ်စာသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

ဒေင်အုပ်စုကုမ္ပဏီလီမိတက်
အမှတ်(၃၀/၃၁)၊ ရွှေပိတောက်ရိပ်မွန်
ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၀၀၉၈၀၊ ၅၀၀၉၈၅။

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

မောင်ကျော်မြတ်စိုး ၁၂/သကတ(နိုင်)၁၃၆၀၉၇ နှင့် **မတင်ဇာညွန့်**၁၂/သကတ(နိုင်) ၁၀၈၆၄၃တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါ၍ ၂၂-၃-၂၀၀၆ ရက်တွင် လူကြီးများ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီး ဖြစ်ပါသည်။

မောင်ကျော်မြတ်စိုး
အမှတ်(၄၂)ရန်ပြေ(၁၆)လမ်း၊အရှေ့(၃)ရပ်ကွက်၊သာကေတ။

အများသိစေရန် အသိပေးကြေညာချက်

ကျွန်ုပ်၏ အမှုသည်ဖြစ်သူမခိုင်ဆုဝင်း(ဘ)ဦးဌေးဝင်း ၁၂/လမန (နိုင်) ၁၄၀၆၈၆၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မခိုင်ဆုဝင်း၏ဖခင် ဦးဌေးဝင်း PDG-၀၆၂၉၄၀သည် ရန်ကုန်တိုင်း၊ တောင်ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော်၏(၅)လမ်းတွင်တည်ရှိသည့် ၄-ခန်းတွဲ၊ ငါးထပ်အဆောက်အအုံမှ (၃၃)၏ တတိယထပ်ရှိ အခန်းအမှတ် (၃၀၃)ကို ၂၄-၄-၂၀၀၁ရက်က ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဦးဌေးဝင်းသည် ၂၀-၁-၂၀၀၆ရက်က ကွယ်လွန်ခဲ့ပါသည်။ ထို့ကြောင့် ဖခင် ဝယ်ယူထားခဲ့သော အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ တစ်ဦးတည်းသော အမွေခံသမီးဖြစ်သူ မခိုင်ဆုဝင်း၏ အတိအလင်းသဘောတူခွင့်ပြုချက် မရဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းခြင်းနှင့်အာမခံတင်သွင်းခြင်း စသည့် လွှဲပြောင်းမှုများကို မည်သူတစ်ဦးတစ်ယောက်ကမျှ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ရုံး
၆၆၂၊ ခိုင်ရွှေဝါလမ်း
(၈)ရပ်ကွက်၊ ကမ္ဘာအေး၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၆၆၃၇၄၈

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ညွှန့်
B.Sc (Chem:) ; H.G.P; R.L
Advocate & Legal Consultant
(6572)

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်ခင်ဥ MGE-006655ကိုင်ဆောင်သူမှ အမှတ် ၃၆၁၊ (ပထပ်)၊ A-2 ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ အခန်းကို ၁၁-၆-၂၀၀၅ ရက်ကတည်းက ဝယ်ယူ၍ လက်ရှိနေထိုင်လျက်ရှိပါသည်။

ဆက်လက်၍ အပြီးသတ်ဆောင်ရွက်ရန်ရှိသည့် ကိစ္စများကို ဆောင်ရွက်တော့မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှ စ၍ သုံးရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက် ခြင်းမရှိပါက အပြီးသတ်ဆောင်ရွက်ရန်ရှိသည်များကို ဆက်လက် ဆောင်ရွက်ရလိမ့်မည် ဖြစ်ပါကြောင်း။

ဒေါ်ခင်ဥ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရုံး-
အခန်း 009 (A)၊ တိုက် 9/11
36 လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၁-၂၄၈၀၅။

ဦးမြင့်သိန်း
B.A (Law), LL.B.,
D.B.L., D.M.L., D.I.L
တရားရုံးချုပ်ရှေ့နေ။

ကန့်ကွက်နိုင်ပါကြောင်း

မော်တော်ဆိုင်ကယ် ၁ယ/၆၅၃၃၃ လက်ဝယ်ရှိသူက (ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ ပြည်နယ်ရုံး (လားရှိုး)သို့ ဆက်သွယ်နိုင်ပါကြောင်း။

ကညန၊ ပြည်နယ်ရုံး (လားရှိုး)။

ပန်းထိုးဇာ

အများသိစေရန် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၈၉ လမ်း၊ တိုက်အမှတ် ၃၆/B (မြေညီထပ်+ ပထမထပ်)တွင်နေထိုင်သူ ကျွန်ုပ်တို့၏ အမှုသည် ဦးမာမက်ဒါလီ ၆/ကသန(နိုင်)၀၂၁၅၃၆ ၏ ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏ အမှုသည်သည် ဇနီးဖြစ်သူ ဒေါ်နူရ်ဘီ(ခ)ဒေါ်နီနီသန်း ၁၂/သဃက(နိုင်) ၁၃၆၅၅၄ အား ခင်ပွန်းဖြစ်သူ၏ ဝတ္တရားနှင့်အညီ လူမှုရေး၊ စီးပွားရေးများ ပြည့်စုံအဆင်ပြေမှုရှိစေရန် အစဉ်တစိုက် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့သော်လည်း ဇနီးဖြစ်သူ ဒေါ်နူရ်ဘီ(ခ) ဒေါ်နီနီသန်းသည် ခင်ပွန်းသည်၏ ဂုဏ်သိက္ခာနှင့် စီးပွားရေးတို့အား ထိခိုက်နစ်နာစေရန် များစွာဆောင်ရွက်ခဲ့သည်ဖြစ်၍ ဒေါ်နူရ်ဘီ(ခ) ဒေါ်နီနီသန်းအား ဇနီးအဖြစ်မှစွန့်လွှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းနှင့် ပတ်သက်၍ မည်သည့်ကိစ္စရပ်သည်မှ ကျွန်ုပ်တို့၏အမှုသည်နှင့် သက်ဆိုင်ခြင်းမရှိကြောင်းနှင့် ကျွန်ုပ်တို့အမှုသည်မှလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မေမေလွင်	**ဒေါ်မေဝိုင်း**
B.Sc.,R.L.,D.B.L.,D.M.L.,D.I.L	LL.B

တရားရုံးချုပ်ရှေ့နေများ

ဒေါ်စောစောအေး	**ဒေါ်ခင်လှ**
LL.B	LL.B

အထက်တန်းရှေ့နေများ
အမှတ် ၅၀ (ပ)ထပ်၊ အခန်း ဒီ-၁၂၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၇၀၁၄၃၉၊ ၀၉-၅၁ ၅၃၄၁၄။

1. Production Manager (1)
2. Accountant (4)
3. Marketing Executive (2)
4. Admin Supervisor (2)
5. Machine Maintenance (2)

နိုင်ငံတော်ကချမှတ်ပေးထားသော စီမံကိန်းများ တာဝန်ရှိသူအဆင့်ဆင့် ပူးပေါင်းအကောင်အထည်ဖော် အဝိကသီးနှံ ၁၀ မျိုးအနက် ဒေသနှင့်ကိုက်ညီသောသီးနှံများ လျာထားချက်ပြည့်မီအောင်ကြိုးပမ်း လောင်စာဆီအထောက်အကူပြုသည့် ကြံစည်းရိုးကြက်ဆူပင်များ အိမ်တိုင်းစိုက်ပျိုး ဒေသဖွံ့ဖြိုးတိုးတက်ရေး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် မတ် ၂၄

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ငွေဆောင်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂၁ရက် နံနက် ၇နာရီတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ပုသိမ်-မော်တင် လမ်းပိုင်းကြံ့ခိုင်မှုအခြေအနေများကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပုသိမ်ခရိုင် အင်ဂျင်နီယာမှူး ဦးမြင့်သိန်းက ပုသိမ်-မော်တင် လမ်း၏ ၈၄မိုင် အနက် ၈၂မိုင် အထိ ပေ၃၀အကျယ် လမ်းချဲ့ခြင်း လုပ်ငန်းပြီးစီးမှု၊ ၂၈မိုင်အထိ ချောင်းကျောက် ခြောက်လက်မထု ခင်းကျင်းပြီးစီးမှု၊ တံတား ၇၃စင်း အနက် ၂၅စင်း ပြီးစီးမှု၊ ရေပြွန် ၁၇၅စင်းအနက် ၁၁၆စင်း ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐

မြန်မာ့အလင်း

(၆၁)နှစ်မြောက်တပ်မတော်နေ့ကြိုဆိုဂုဏ်ပြု

❐ **နိုင်ငံတော်အတွက် တပ်မတော်မရှိလျှင် မဖြစ်ပါ။ တကယ်တမ်း စွန့်လွှတ်၊ စွန့်စားကြမည်ဆိုလျှင် တပ်မတော်သည် နိုင်ငံတော်ကလေ့ကျင့်ပျိုးထောင်ပေးထားသော စစ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများဖြင့် ပြည်သူလူထုရှေ့မှ မားမားမတ်မတ်ရပ်တည်ပေးနေသော နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများသာဖြစ်၏။**

မန်းခင်ခင်၏ ဆောင်းပါး (စာ-၆၊ ၇)

❐ **မြန်မာပြည် ကာကွယ်မည်**

ခွန်ရဲသွေး (အေးသာယာ)၏ ကဗျာ (စာ-၆)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပုသိမ်-မော်တင် လမ်းတွင် စက်ယန္တရားကြီးဖြင့် ချောင်းကျောက် ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း (၈၉) တွဲ ရောင်းချရ

ရန်ကုန် မတ် ၂၄

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ယနေ့နံနက် ၉နာရီမှစတင်၍ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ ညနေ ၄နာရီတွင် ကျောက်စိမ်းအတွဲပေါင်း ၈၉ တွဲကို ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက ဝယ်ယူကြသည်။ ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ညပိုင်းအထိ ဆက်လက်ရောင်းချလျက်ရှိသည်။

တက်ရောက်ဝယ်ယူ

၂၀၀၆ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံပေါင်း ၁၆နိုင်ငံ၊ ကုမ္ပဏီ ၄၂၃ခုမှ ရတနာကုန်သည် ၁၄၈၄ ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၃၅၆ ခုမှ နိုင်ငံသားရတနာကုန်သည် ၈၉၆ ဦး စုစုပေါင်း ရတနာကုန်သည် ၂၃၈၀ တက်ရောက်ဝယ်ယူကြသည်။

ကြည့်ရှုအားပေး

ယနေ့ကျင်းပသော (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း လာရောက်ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

25-3 (20).p65 1 1/7/32, 12:30 PM